# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲ ဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများ ချက်ပြုတ်နေမှုကို ကြည့်ရှုအားပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် စတုဒိသာများ ချက်ပြုတ်နေမှုကို သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ဇနီးဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့်ပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA) နှင့် ဘာသာစုံမိတ်ဆွေများမှ ရက် ၅၀ စတုဒိသာအလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက် ချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ❐



**ယနေ့** *ဖတ်စရာ*

**အသက်ကိုနှင်း၍ ပေးခဲ့သော ... ထိုကတိ**
(၇၆) နှစ်မြောက် အာဇာနည်နေ့အကြိုဆောင်းပါး
ဆောင်းပါး | စာ ၁၀

**ရခိုင်ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/ မရှိ စစ်ဆေး**
ပြည်တွင်းသတင်း | စာ ၁၃

**အမြန်လမ်းပေါ် စည်းကမ်းမလိုက်နာ၍ အရေးယူခံရသောယာဉ်စီးရေ လျော့ကျလာ**
ပြည်တွင်းသတင်း | စာ ၁၆

# လူဦးရေနှင့် နိုင်ငံ့အင်အား

ကမ္ဘာ့လူဦးရေ သန်းပေါင်း ၈၀၀၀ ကျော်သွားပြီဖြစ်ကြောင်းနှင့် အိန္ဒိယနိုင်ငံသည် တရုတ်နိုင်ငံကို ကျော်လွန်၍ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိသွားကြောင်း သတင်းတို့မှာ ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့တွင် အထူးခြားဆုံးသတင်းများ ဖြစ်ကြသည်။ ပြီးခဲ့သည့် ဧပြီလ ၂၄ ရက်နေ့တွင် အိန္ဒိယနိုင်ငံ၏ လူဦးရေသည် ၁ ဒသမ ၄၂၈၆ ဘီလီယံသို့ ရောက်ရှိလာပြီး တရုတ်နိုင်ငံ၏ လူဦးရေ ၁ ဒသမ ၄၂၅၇ ဘီလီယံကို ဖြတ်ကျော်သွားခဲ့ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ခြင်းဖြစ်ရာ ကမ္ဘာပေါ်၌ လူခြောက်ဦးလျှင် တစ်ဦးကျော်သည် အိန္ဒိယသားဟု ဆိုရမည့် အနေအထားသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ကမ္ဘာ့လူဦးရေ တိုးပွားလာခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ ရှုထောင့်မှကြည့်လျှင် လူဦးရေဆိုင်ရာ ပြဿနာများ ဖြေရှင်းရေး၊ လူသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စိန်ခေါ်မှုများကို တွေ့မြင်ရမည်ဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့်မူ မိမိနိုင်ငံ၏ လူဦးရေသည် မိမိတို့၏ လူသားအရင်းအမြစ်များပင် ဖြစ်သည်။ တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာဖူလုံရေး၊ အမိုးအကာလုံခြုံစွာနေထိုင်နိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပြည့်စုံရေး၊ ကျောင်းနေအရွယ်အားလုံး ပညာသင်ကြားနိုင်ရေးစသည်တို့ ဖန်တီးဖော်ဆောင်ပေးရန် လိုအပ်သလို မိမိတို့၏ လူသားအရင်းအမြစ်ကို တန်ဖိုးမြင့်မားလာအောင် ပြုစုပျိုးထောင်ရေးနှင့် ၎င်းတို့၏ကာယဉာဏစွမ်းအားတို့ကို နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ထိထိရောက်ရောက် အသုံးပြုသွားနိုင်ရန်လည်း လိုအပ်သည်။

မိမိတို့နိုင်ငံ၏ လူဦးရေသည် နောက်ဆုံးခန့်မှန်းတွက်ချက်မှု အရ ၅၆ ဒသမ ၂ သန်းသို့ရောက်ရှိလာပြီဟု ဆိုသည်။ သတိပြုရမည့်အချက်မှာ ကမ္ဘာ့လူဦးရေအများဆုံးဟူသော နိုင်ငံကြီးနှစ်နိုင်ငံသည် မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေခြင်း၊ လူဦးရေ ၁၆၄ သန်းကျော်ရှိနေပြီး တစ်စတုရန်းကီလိုမီတာလျှင် လူ ၁၂၆၅ ဦးနှုန်းဖြင့် ကမ္ဘာပေါ်တွင် လူနေအသိပ်သည်းဆုံးဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်လည်း နယ်နိမိတ်ထိစပ်နေခြင်းတို့ပင် ဖြစ်သည်။ ပထဝီနိုင်ငံရေးတွင် လူဦးရေသည် ပထမအချက်ကြီး တစ်ရပ်ပင်ဖြစ်ပြီး နိုင်ငံရေးကို အကြီးအကျယ်လွှမ်းမိုးသည်။ လူဦးရေအရွယ်အစားနှင့် သိပ်သည်းမှု (Size and density) တို့သည် နိုင်ငံတစ်ခု၏ အင်အားကို တွက်ချက်ရာတွင် အခြေခံကျသော အချက်ဖြစ်သည့်အပြင် လူဦးရေအင်အားသည် နိုင်ငံတစ်ခု၏ နိုင်ငံရေး၊ စီးပွားရေးအင်အားတို့၏ အခြေခံလည်းဖြစ်သည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ၏ လူဦးရေသည် ထိုနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ ( Foreign Policy) နှင့် ထိုနိုင်ငံ၏ ဩဇာအာဏာ (State Power) တို့ကို ပုံဖော်ရာတွင် အခြေခံသည့်အချက် တစ်ချက်လည်းဖြစ်သည်။

မျက်မှောက်ကာလ ကမ္ဘာ့အလယ်တွင် နိုင်ငံနှင့်လူမျိုး ဝင့်ထည်နိုင်ရေးအတွက် လူဦးရေသည်လည်းကောင်း၊ လူဦးရေကို ပြုစုပျိုးထောင်ရာမှ ရရှိလာသည့် လူ့စွမ်းအားအရင်းအမြစ်သည် လည်းကောင်း၊ နိုင်ငံတွင်နေထိုင်သူတို့၏ အမျိုးသားစရိုက်လက္ခဏာနှင့် အမျိုးသားရေးစိတ်ဓာတ်တို့သည် လည်းကောင်း၊ စီးပွားရေးခိုင်မာတောင့်တင်းမှု၊ ကာကွယ်ရေးအသင့်ရှိမှု၊ နည်းပညာဖွံ့ဖြိုးမှုတို့သည်လည်းကောင်း လွန်စွာအရေးပါပြီး နိုင်ငံ၏ ပထဝီဆိုင်ရာ အချက်အလက်များနှင့် ပေါင်းစပ်၍ နိုင်ငံ့အင်အားနှင့် ဩဇာအာဏာတို့ ဖြစ်လာရခြင်းပင်ဖြစ်ရာ နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်၍ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ကာ အင်အားတောင့်တင်းသော နိုင်ငံတစ်နိုင်ငံအဖြစ် ထာဝရရပ်တည်သွားရန် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။



## နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာနတို့၏ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန လျှိုပိတ်ဆည်ဘေး မြေကွက်လပ်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အပြည်ပြည်



ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းနှင့် အမှုထမ်းများ တက်ရောက်ကြပြီး ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာအသီးသီးတွင် မန်ကျည်းပင်နှင့် ပိတောက်ပင် စုစုပေါင်း အပင် ၆၂၀ စိုက်ပျိုးပေးကြကြောင်းနှင့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဝန်ထမ်းများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

သတင်းစဉ်

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည် လမ်းဟောင်းမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံမှလည်းကောင်း၊ ဓမ္မစေတီလမ်းအား အင်းယားမြိုင်လမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား ဦးထောင်ဘိုလမ်းနှင့် အာဇာနည်လမ်းဆုံမှလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီ လမ်းဆုံအထိလည်းကောင်း၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့အား ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်မည့်နေရာအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှလည်းကောင်း၊ နတ်မောက်လမ်းအား ဖိုးစိန်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းနှင့်ဆုံရာမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား စောမဟာလမ်းဆုံမှလည်းကောင်း ခေတ္တပိတ်ထားမည်ဖြစ်ပြီး လမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အလံတင်အခမ်းအနားကျင်းပမည့် အတွင်းဝန်ရုံးအား ၁၉-၇-၂၀၂၃ ရက်နေ့မှ ၂၁-၇-၂၀၂၃ ရက်နေ့ ၀၅ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်း လမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်ထားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ် လမ်းပိတ်လမ်းလွှဲ ဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှ မောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင်အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် – ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အင်အားကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀) မိနစ်ထက် ပိုမကြာစေရန်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။





# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စစ်တွေမြို့ကျက်သရေဆောင် လောကာနန္ဒာစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရခိုင်ပြည်နယ် စစ်တွေမြို့ ကျက်သရေဆောင် လောကာနန္ဒာဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပြည်နယ်သြဝါဒါစရိယ၊ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ နန္ဒသီရိ အမှူးပြုသည့် သံဃာတော်အရှင်သူမြတ်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံသို့ ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်ပြီး ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒေါက်တာ အောင်ကျော်မင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ထံသို့ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မြို့နယ်သြဝါဒါစရိယ၊ စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသ ထံမှ အနုမောဒနာတရားနာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဇောတိပါလ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မုန်တိုင်းဒဏ်ကြောင့် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည်များကို ပြန်လည်ပြုပြင် ဆောင်ရွက်ပေးမည့် အခြေအနေများကို လျှောက်ထားတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများနှင့် ကျောင်းဝင်းအတွင်းရှိ သကျမုနိဘုရားကြီး သိမ်တော် ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လှည့်လည်ကြည့်ရှု၍ ယခုကျောင်းတိုက်ကြီးသည် သမိုင်းဝင်ကျောင်းတိုက်ကြီးဖြစ်သဖြင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာများအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ သကျမုနိဘုရားကြီး သိမ်တော်ကြီးကိုလည်း လတ်တလော ဦးစားပေးပြုပြင်ရမည့် အမိုးများကို အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အကာများ ပြုပြင်ရာတွင်လည်း မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဘုရားဝင်းအတွင်း သန့်ရှင်းသပ်ရပ်ရေးကိုလည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များအား တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်အတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီးစုံဒံပေါက်များ ထုပ်ပိုးနေမှုကို လိုက်လံကြည့်ရှုပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား သီးစုံဒံပေါက်ဘူးများ ပေးအပ်စဉ်။

❒ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား စတုဒိသာအလှူတော်မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ထူထောင်ရေး လုပ်ငန်းဆောင်ရွက်နေသူများနှင့် သဘာဝဘေးဒဏ်သင့် ပြည်သူများထံသို့ ပေးပို့ရန် သီးစုံဒံပေါက်များ ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုကြပြီး ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ လုပ်ငန်း ဆောင်ရွက်နေသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ဆုတောင်းမေတ္တာပို့သ**

ယင်းနောက် စတုဒိသာအလှူတော် အစီအစဉ်တွင် ပါဝင်သည့် ရခိုင်ဗုဒ္ဓဘာသာအဖွဲ့၊ ခရစ်ယာန်ဘာသာရေးအဖွဲ့၊ အစ္စလာမ်ဘာသာရေးအဖွဲ့နှင့် ဟိန္ဒူဘာသာရေးအဖွဲ့တို့မှ တာဝန်ရှိသူများက သဘာဝဘေးဒဏ်သင့်ခဲ့ပြီး ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသည့် ရခိုင်ပြည်နယ်သို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုကဲ့သို့ကိုယ်တိုင်ကိုယ်ကျ လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက် ပေးသည့်အတွက် ရခိုင်ပြည်သူများကိုယ်စား မိမိတို့ဘာသာရေး အသင်းအဖွဲ့များက အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့၏ စတုဒိသာ အလှူတော်အစီအစဉ်ကို လာရောက်အားပေးသည့်အတွက်လည်း အားတက်ရပါကြောင်းနှင့် နေ့စဉ် မပျက်မကွက် ဆောင်ရွက်ခဲ့ရသည့် ပင်ပန်းမှုများ လျော့ကျသွားသည်ဟု ခံစားရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း၊ ပြည်သူလူထု၏ အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ယခုထက်ပို၍ ထမ်းဆောင်နိုင်ပါစေကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများအားလုံး အောင်မြင်ပါစေကြောင်းကို မိမိတို့ ဘာသာရေးအသင်းအဖွဲ့များက ဆုတောင်းမေတ္တာပို့သပါကြောင်း အသီးသီး ဆုတောင်းပေးကြသည်။



ရက် ၅၀ စတုဒိသာအလှူတော်အစီအစဉ်တွင် ပါဝင်သည့် ရခိုင်ဗုဒ္ဓဘာသာအဖွဲ့မှ တာဝန်ရှိသူများက ဆုတောင်းမေတ္တာ ပို့သပေးစဉ်။

**သီးစုံဒံပေါက်ဘူးပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့် ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များအား SKY NET မိသားစု၊ မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်းချုပ် MLCA၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA)နှင့် ဘာသာစုံ မိတ်ဆွေများမှ ရက် ၅၀ စတုဒိသာ အလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသည့် သီးစုံဒံပေါက်ဘူးများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက် ပေးမှုများသည် များစွာ အထောက်အကူပြုပါကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကျွမ်းကျင်မှုများကြောင့် ယခုကဲ့သို့ မြန်မြန်ဆန်ဆန်ဖြင့် လုပ်ငန်းများ အတိုင်းအတာတစ်ခုအထိ ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း အားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**လေ့လာကြည့်ရှု**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် စစ်တွေမြို့ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်သို့ သွားရောက် လေ့လာကြည့်ရှုရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေဌာနခွဲ) ညွှန်ကြားရေးမှူး ဒေါ်အေးနီလာနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် *စာမျက်နှာ ၅ သို့*



ရက် ၅၀ စတုဒိသာအလှူတော်အစီအစဉ်တွင် ပါဝင်သည့် ခရစ်ယာန်ဘာသာရေးအဖွဲ့မှ တာဝန်ရှိသူများက ဆုတောင်းမေတ္တာ ပို့သပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ရခိုင်ပြည်နယ်ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ဝင်တစား လေ့လာကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

ရခိုင်ရှေးဟောင်း မြို့တော်များပြခန်း၊ ရခိုင်စာပေကဏ္ဍပြခန်း၊ ရခိုင်ရှေးဟောင်း ဒင်္ဂါးများပြခန်း၊ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုများပြခန်း၊ ရခိုင်ဓလေ့ထုံးစံများပြခန်း၊ ရခိုင်ပြည်နယ်နှင့် ဗုဒ္ဓယဉ်ကျေးမှုပြခန်း၊ ရိုးရာကျင်အားကစားပြခန်းတို့အတွင်း စိတ်ဝင်တစားဖြင့် လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက ပြခန်းတစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန် မှာကြားဖြည့်ဆည်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ပြတိုက်ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဧည့ဝတီအားကစားကွင်းသို့ ရောက်ရှိစစ်ဆေးရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်းက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်နယ်အဆင့်အားကစားပွဲများကို ကျင်းပနိုင်သည့် မိုးလုံလေလုံအားကစားရုံ၊ ခေတ်မီပြေးလမ်းနှင့် ပွဲကြည့်စင်ပါအားကစားကွင်းနှင့် အဆင့်မီရေကူးကန်တို့ တည်ဆောက်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အား ဧည့ဝတီအားကစားကွင်း၌ ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက ရှင်းလင်းတင်ပြစဉ်။

# စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး အထူးအလေးထားဆောင်ရွက်

**ပဲခူး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၀ ရက်က တော်ဝင်ဟံသာခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မိုးစပါး စိုက်ပျိုးသည့် ရာသီရောက်ရှိပြီဖြစ်၍ လျာထားကေအတိုင်း မိုးစပါး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်စွာနှင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်း မိုးရေချိန် နည်းပါးသည့် ဒေသများအတွက် ရေအနည်းလို (YAR–14) အထွက်နှုန်းကောင်း မျိုးစပါးကို သက်ဆိုင်ရာ မျိုးစေ့ခြံများတွင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စိုက်ပျိုးထားပြီးဖြစ်၍ လိုအပ်သည့် မြို့နယ်များအား အချိန်မီဖြန့်ဖြူးပေးရန် လိုအပ်ကြောင်း၊ ဆီဖူလုံပိုလျှံမှုရှိစေရေး အတွက်ကောင်းသည့် စပ်မျိုးများအား အမှန်တကယ် စိုက်ပျိုးအောင်မြင်နိုင်သည့် မြေနုကျွန်းများတွင် စိုက်ပျိုးရန် လိုအပ်ပြီး ဆီစက်လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ချိတ်ဆက် ဝယ်ယူကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ယာမြေများတွင် နှမ်းစိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်း နှမ်းမျိုးများအား ပြောင်းလဲပေးရန် လိုအပ်ကြောင်း၊ ပဲတီစိမ်းသည် ပန်းတိုင်အထွက်နှုန်း ကျော်လွန်သော်လည်း မတ်ပဲအတွက် လိုအပ်သည့် (ရေဆင်း–၂၊ ရေဆင်း–၃) မျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတိရစ္ဆာန်အစားအစာ ထုတ်လုပ်နိုင်ရေး ပဲအမျိုးမျိုးနှင့် ပြောင်းတိုးချဲ့စိုက်ပျိုးရေး မြို့နယ်အလိုက် စီမံချက်များ ချမှတ်၍ စနစ်တကျ စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ ဝါသီးနှံအတွက် မိရိုးဖလာ စိုက်ပျိုးလျက်ရှိသည့် ဝါအမျိုးအစားမှ အထွက်နှုန်းကောင်းသော(ရာကာ–၆၆၆၊ B–31 ကဲ့သို့သော ချည်မျှင်ရှည်ဝါမျိုးများ) တောင်သူလက်ဝယ် ရရှိစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကြံသီးနှံနှင့် ပတ်သက်၍ အခင်းသစ်များတွင် အထွက်နှုန်းကောင်းသော်လည်း လမိုင်းခင်းများတွင် အထွက်နှုန်း လျော့ကျနေသည့် အတွက် သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာ စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့များက အထူးအလေးထား ကြီးကြပ်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးများက ဒေသအလိုက် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး အားသာချက်/အားနည်းချက်များနှင့် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရမည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို လည်းကောင်း တင်ပြဆွေးနွေးရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ဖြည့်စွက်အကြံပြုတင်ပြခဲ့မှုပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်

နေပြည်တော် ဇူလိုင် ၁၁

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ရှိမေဃဝတီခန်းမ၌လည်းကောင်း၊ ကမ်းနီတပ်နယ်ရှိ နယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သန္တေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သင်တန်းသား စစ်သည်များကို အောင်စစ်သည်ခန်းမ၌လည်းကောင်း သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ကမ်းနီတပ်နယ်ရှိ နယ်မြေခံတန်းမြင့်သင်တန်းကျောင်းမှ သန္တေအရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ သင်တန်းသား စစ်သည်များ တက်ရောက်ကြသည်။

### ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကို ကြည့်၍ စနစ်တကျ တွက်ချက် ဆောင်ရွက်သွားမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်၌ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဝင်ရောက်ခဲ့ပြီး နောက်ရက်တွင် မိမိအနေဖြင့် စစ်တွေမြို့သို့ရောက်ရှိခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်နိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)သည် နာဂစ်မုန်တိုင်းဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်းတွင် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ခဲ့သည့် မုန်တိုင်းတစ်ခုဖြစ်ခဲ့ကြောင်း၊ သေဆုံးသူ ၁၄၈ ဦးရှိခဲ့ပြီး ထိုထက်မကသည့် သေကျေပျက်စီးမှုများ ကြုံတွေ့ရနိုင်သည်ဟု နိုင်ငံတကာမှခန့်မှန်းမှုများရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် အထိအခိုက်အနည်းဆုံးဖြင့် ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလွန်ပြီးနောက်ပိုင်း ကူညီကယ်ဆယ်ရေး ပျက်စီးမှုများ ရှင်းလင်းဆောင်ရွက်ခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဟူ၍ နှစ်ပိုင်းခွဲကာ ဆောင်ရွက်စေခဲ့ကြောင်း၊ အချို့သော အဆောက်အဦများမှာ လုံးဝပြိုကျပျက်စီးမှုများရှိခဲ့သဖြင့် အသစ်ပြန်လည်တည်ဆောက်ရခြင်းများလည်း ရှိကြောင်း၊ အသစ်တည်ဆောက်ရသည့် အဆောက်အဦများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ပြန်လည်တည်ဆောက်ရမည်ဖြစ်သကဲ့သို့ ကျန်ရှိသည့် အဆောက်အဦများကိုလည်း ရေရှည်တည်တံ့ခိုင်မြဲစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးအတွက် မွမ်းမံခြင်းများကို ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားပြီးဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲအောင် စနစ်တကျတွက်ချက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အချိန်အတိုင်းအတာတစ်ခုအထိ ကြာမြင့်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်မှုများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ပုံမှန်ဆောင်ရွက်နေသည်များထက် ပိုမို၍ခွန်အားစိုက်ထုတ်ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ လျင်လျင်မြန်မြန်ဖြင့် တိုးတက်ပြီးစီးမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးမှ အားထည့်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

### သစ်ပင်စိုက်ပျိုးခြင်းဖြင့် ရာသီဥတုမမျှတမှုနှင့်သဘာဝဘေးဒဏ် ကျရောက်မှုများကို ကာကွယ်နိုင်မည်ဖြစ်

သဘာဝဘေးဒဏ်သည် မည်သည့်အချိန်တွင် ဖြစ်ပေါ်နိုင်မည်ကို ကြိုတင်၍ သိရှိနိုင်ရန် ခက်ခဲပြီး မဖြစ်ပွားမီ ရက်သတ္တပတ် အနည်းငယ်အလိုမှပင် မည်ကဲ့သို့ဖြစ်ပေါ်လာနိုင်သည်ကို ခန့်မှန်းသိရှိနိုင်ကြောင်း၊ ရခိုင်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းဒေသ ဖြစ်သဖြင့် မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးကြီးရေလျှံခြင်းများကို မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လေပြင်းတိုက်ခြင်းနှင့် ရာသီဥတုမမျှတခြင်းတို့ကို ကာကွယ်နိုင်ရန် သဘာဝအကာအကွယ်ဖြစ်သည့် သစ်ပင်သစ်တောစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် ရိုးမနှင့် ဆက်နွှယ်နေသည့် တောင်တန်းများ၌သာ သစ်ပင်သစ်တောများ တွေ့ရှိရပြီး ကွင်းပြင်အများအပြားရှိနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သစ်ပင်များကို ကျေးရွာအလိုက်၊ ရပ်ကွက်များအလိုက်၊ မြို့များအလိုက် စိုက်ပျိုးသွားရန်လိုကြောင်း၊ သစ်ပင်များကို စိုက်ပျိုးခြင်းထက် ခုတ်ယူသုံးစွဲခြင်းက ပိုမိုများပြားသည်ကို တွေ့ရှိရပြီး ထင်းအဖြစ် သုံးစွဲခြင်းနှင့် အဆောက်အဦများ ဆောက်လုပ်ရန်အတွက် ခုတ်ယူကြသည်ကိုတွေ့ရကြောင်း၊ သဘာဝအရ ပေါက်ရောက်လျက်ရှိသည့် သစ်ပင်များ ပြုန်းတီးမှုများဖြစ်ပေါ်လာပြီး ရာသီဥတုများ ဖောက်ပြန်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝဘေးဒဏ်များအတွက် ကြိုတင်ပြင်ဆင်မှုများအဖြစ် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးရန်လိုကြောင်း၊ နယ်မြေခံပြည်သူလူထုနှင့် ပူးပေါင်း၍ သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွင်း သစ်တောသစ်ပင်များ ပေါများလာမည်ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် မိမိတို့ဒေသ၌ ရာသီဥတုမျှတကောင်းမွန်စေရေး၊ သဘာဝဘေးဒဏ်များကို အထိုက်အလျောက် ကာကွယ်နိုင်စေရေးအတွက် ယခုပစ္စုပ္ပန်တွင်ရှိနေသည့် မိမိတို့က သစ်ပင်သစ်တောများကို စိုက်ပျိုးခြင်းများကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စစ်တွေတပ်နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်လည်း မိမိတို့နေထိုင်ရာ နေအိမ်လိုင်းခန်းအတွင်း အရိပ်ရလေကာပင်များ၊ သစ်ပင်ကြီးများကို စိုက်ပျိုးနိုင်ရေး လုံလောက်သည့် အကျယ်အဝန်းများကို စနစ်တကျတွက်ချက်နေရာချထားပေးပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် အဆင့်လိုက် နေရာချထားပေးသည့် အဆောက်အဦများကိုလည်း စနစ်တကျ နေထိုင်ရန်နှင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို မိမိတို့တတ်နိုင်သမျှ ဆောင်ရွက်သွားရန်လိုကြောင်း။

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်ပြီးနောက်ပိုင်းတွင် စစ်တွေမြို့တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စားရေး အဆင်ပြေစေရေးအတွက် ရန်ကုန်မြို့မှတစ်ဆင့် အစားအသောက်များကို ပို့ဆောင်ပေးလျက်ရှိကြောင်း၊ တပ်မတော်အတွင်း၌ တပ်ပိုင်နှင့် တစ်ပိုင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းနီတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ်းနီတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**❖ စစ်မြေပြင် တာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိထိရောက်ရောက် အသုံးချမည်ဆိုပါက ရန်သူကို ထိရောက်စွာ ချေမှုန်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်၊ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုစေမည့် ပညာရပ်များကို သင်ကြားပေးနေခြင်းဖြစ်**

တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခင်ကတည်းကပင် အားပေးဆောင်ရွက်ခဲ့သဖြင့် အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို ဖူလုံပေါများစွာ စားသုံးနိုင်သကဲ့သို့ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက်လည်း ရောင်းချပေးလျက်ရှိကြောင်း။

**လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့်အတွေ့အကြုံများကို ပေါင်းစပ်၍ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်လို**

တာဝန်ထမ်းဆောင်မှု အပိုင်းနှင့် ပတ်သက်၍ စစ်သည်တစ်ဦးချင်းအနေဖြင့် စစ်သားပီသစွာ နေထိုင်ကျင့်ကြံရန်လိုပြီး စစ်ရေးအသိ၊ စစ်ရေးသတိ အမြဲရှိရန်လိုကြောင်း၊ မည်သည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ တပ်မတော်သားတိုင်းသည် စစ်တိုက်နိုင်ရမည်၊ နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ကို သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းတွင် စစ်သည်တစ်ဦးချင်း၏ အဆင့်နှင့်လျော်ညီစွာ တတ်မြောက်ရန်လိုအပ်သည့် သက်ဆိုင်ရာ ပညာရပ်အလိုက် အုပ်ချုပ်မှု၊ စစ်ပညာနှင့် ရုံးလုပ်ငန်းများကို သင်ကြားပေးလျက်ရှိကြောင်း၊ လေ့ကျင့်သင်ကြားပေးလိုက်သည့် ပညာရပ်များနှင့် အတွေ့အကြုံများကိုပေါင်းစပ်၍ စစ်သားကောင်းပီသသည့် စိတ်ဓာတ်ဖြင့် ဆောင်ရွက်နိုင်ရန် လိုကြောင်း၊ ယခုသင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်ပညာရပ်များသည် တိုက်ပွဲများဆင်နွှဲရာတွင် အောင်မြင်မှုများ ပိုမိုရရှိစေရန်အတွက် သင်ကြားပေးလိုက်ခြင်း ဖြစ်ကြောင်း၊ စစ်မြေပြင် တာဝန်ထမ်းဆောင်ချိန်တွင် သင်ကြားပေးလိုက်သည့် ပညာရပ်များကို ထိထိရောက်ရောက် အသုံးချမည်ဆိုပါက ရန်သူကို ထိရောက်စွာချေမှုန်းနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်းတာဝန်ထမ်းဆောင်မှုကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အထောက်အကူပြုစေမည့် ပညာရပ်များကို သင်ကြားပေးနေခြင်း ဖြစ်ကြောင်း။

ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် တစ်ဦးချင်း ကျန်းမာကြံ့ခိုင်မှုရှိရန်လိုကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုရှိရမည်ဖြစ်ပြီး ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှုရှိစေရေးအတွက်လည်း လေ့ကျင့်နေရမည်ဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်အောင် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေမှသာလျှင် လက်တွေ့စစ်မြေပြင်၌ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ပြီး မိမိကိုယ်ကို၊ မိမိတပ်ဖွဲ့ကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်၊ နိုင်ငံရေးဦးတည်ချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းများ အောင်မြင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းသည့် အချိန်တွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများကြားမှပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါများရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီ အပြည့်အဝရရှိသည့် နိုင်ငံဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်ဆောင်ရွက်ရန် လိုကြောင်း၊ ပြည်သူများဘဝ ရပ်တည်နိုင်ရေးအတွက် အသိပညာအတတ်ပညာများ ရရှိအောင် ဆောင်ရွက်ပေးမှသာ ၎င်းတို့ဘဝ တိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လေးလေးနက်နက်ဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ လွယ်ကူသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်၍ ခက်ခဲသည့် အလုပ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် မျှော်မှန်းချက်များကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်သွားရန် လိုကြောင်း။

**ပညာရည်မြင့်မားရေး အလေးထား၊ အားပေးဆောင်ရွက်**

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် မိမိကိုယ်ကိုနှင့် မိမိတို့၏ သားသမီးများ၏ ပညာရေးကိုလည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်းပညာ တတ်မြောက်မှသာလျှင် အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ မိမိအတွက် အကျိုးဖြစ်စေနိုင်သည့်၊ ဗဟုသုတရရှိစေနိုင်သည့် စာအုပ်စာပေများကို လေ့လာဖတ်ရှုနေရန်လိုကြောင်း၊ ထိုသို့ဖတ်မှတ်လေ့လာနိုင်ရေးအတွက်လည်း တပ်မတော်မှ စာအုပ်စာပေများကို ထုတ်ဝေပြီး ဖြန့်ချိပေးလျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရေးကို အမြဲမပြတ် အားပေးလျက်ရှိပြီး ထူးချွန်စွာအောင်မြင်သူများကိုလည်း ဂုဏ်ပြုချီးမြှင့်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားစေရေး အားထည့်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ သားသမီးများကို ယဉ်ကျေးလိမ္မာပြီး မိမိခြေထောက်ပေါ်တွင် မိမိရပ်တည်နိုင်သည့်၊ ထူးချွန်ထက်မြက်သည့် သားသမီးများဖြစ်လာစေရေး စနစ်တကျ ထိန်းသိမ်းပျိုးထောင်ပေးရန်လိုကြောင်း၊ မိမိတို့ကို ပေးအပ်ထားသည့် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်အသီးသီးရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာပေါ်တွင် အရေးတကြီးဖြေရှင်းရမည့် လူဦးရေဆိုင်ရာ ပြဿနာများနှင့် လူသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစူးစိုက်မိလာစေရန်ရည်ရွယ်၍ ကုလသမဂ္ဂက ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ကာ နှစ်စဉ် ဇူလိုင် ၁၁ ရက်တွင် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့ကြောင်း။

လူသားအားလုံးကျန်းမာကြံ့ခိုင်ပြီး ဘဝအရည်အသွေး တိုးတက်ကောင်းမွန်စေရေးနှင့် သာယာဝပြောသည့် လူ့ဘောင်သစ် တည်ထောင်နိုင်ရေးအတွက် မျိုးဆက်ပွားကျန်းမာရေး၏ အရေးပါမှု၊ ကျား - မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ မိခင်နှင့်ကလေးကျန်းမာရေး စသည့်လူဦးရေနှင့် ကောင်းမွန်သော အလေ့အထများ မြှင့်တင်နိုင်ရန်၊ ပြည်တွင်းပြည်ပလူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

### နှစ်စဉ်ကျင်းပလာခဲ့

မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယနေ့ ကျင်းပသည့် အခမ်းအနားသည် (၃၄) ကြိမ်မြောက် အခမ်းအနားဖြစ်ကြောင်း။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက် က ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင်ပြည့်ပြီဟု ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ကြောင်း၊ ကမ္ဘာ့လူဦးရေသန်းရှစ်ထောင်ပြည့်ခြင်းသည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုမှတ်တိုင်တစ်ခုဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေ တိုးတက်လာမှုကို လေ့လာကြည့်မည်ဆိုပါက သန်းတစ်ထောင်မှ နှစ်ထောင် တိုးပွားရန် နှစ်ပေါင်းတစ်ရာ့နှစ်ဆယ်ကျော်၊ သန်းနှစ်ထောင်မှ သန်းသုံးထောင် တိုးပွားရန် နှစ်ပေါင်း သုံးဆယ်ကျော် ကြာမြင့်ခဲ့သော်လည်း နောက်ပိုင်းကာလများတွင် သန်းတစ်ထောင်တိုးရန် ဆယ်စုနှစ် တစ်ခုကျော်သာ ကြာမြင့်လာတော့ကြောင်း၊ ကမ္ဘာ့လူဦးရေသန်းခုနစ်ထောင်မှရှစ်ထောင်ပြည့်ရန် (၁၂) နှစ်သာကြာမြင့်ခဲ့ကြောင်း၊ ယခုကဲ့သို့ လူဦးရေအလျင်အမြန် တိုးတက်လာခြင်းသည် လူများ၏ ကျန်းမာရေး၊ အစာအာဟာရ၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆေးဝါးများ တိုးတက်ကောင်းမွန်လာခြင်း၏ အကျိုးဆက်အဖြစ် လူ့သက်တမ်းများ ပိုမိုရှည်ကြာလာခြင်းကြောင့် ဖြစ်ကြောင်း။

သို့သော် ကမ္ဘာ့လူဦးရေ လျင်မြန်စွာတိုးပွားလာခြင်းနှင့်အတူ နိုင်ငံအများစုတွင် တန်းတူညီမျှမှု မရှိခြင်း၊ ဆင်းရဲချမ်းသာ ကွာဟမှုပိုများလာခြင်း၊ စားနပ်ရိက္ခာ မပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသူများလည်း တိုးပွားလာသည်ကို တွေ့ရကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွားနှုန်း ကျဆင်းလာခြင်းကြောင့် လုပ်သားအင်အားရှားပါးလာပြီး သက်ကြီးရွယ်အို များပြားလာသည့် အခြေအနေကို ရင်ဆိုင်နေကြရသကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးသည့် နိုင်ငံများတွင် လူဦးရေတိုးပွားမှုမြန်ဆန်လာသည့်အတွက် ၎င်းတို့၏ နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုလှုပ်ရှား ရုန်းကန်နေကြရကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်သည် တစ်ရက်လျှင် နှစ်ဒေါ်လာအောက်သာ ရရှိသည့် ဆင်းရဲနွမ်းပါးမှုမျဉ်းအောက်တွင် ရောက်ရှိနေကြသည်ကို သတိပြုကြရမည်ဖြစ်ကြောင်း။

### သဘောတူညီ

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရန်၊ ကမ္ဘာမြေကိုကာကွယ်ရန်နှင့် လူအားလုံး၏ ဘဝနှင့်မျှော်လင့်ချက်များ တိုးတက်ကောင်းမွန်လာစေရန် စသည်တို့ကို တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် အရေးယူဆောင်ရွက်ရေးအတွက် ကုလသမဂ္ဂအဖွဲ့က "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ" ကို ပန်းတိုင် ၁၇ ခု၊ ဦးတည်ချက် ၁၆၉ ခုဖြင့်ရေးဆွဲထားရှိကြောင်း၊ အဆိုပါ ပန်းတိုင်များကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်ကြရန် သဘောတူညီခဲ့ကြကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျား - မ တန်းတူညီမျှမှုရှိစေရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံကိုလည်း ငြိမ်းချမ်းပြီး သာယာဝပြောသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်စေရေး ရည်မှန်းပြီး "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ လူဦးရေခန့်မှန်းတွက်ချက်မှုအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ ဒသမ ၇ သန်း ကျော်ရှိလာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ ဒသမ ၃ သန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်ကာလသည် လူဦးရေ ဆုလာဘ်ကို ရရှိခံစားနေချိန်ဖြစ်သည့်အတွက် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လူငယ်လူရွယ်များ၏ စွမ်းအားဖြင့် အမျိုးသမီးများ၏ အင်အားကို ထိရောက်စွာ ထည့်သွင်းအသုံးချရန် လိုအပ်မည်ဖြစ်ကြောင်း၊ အနာဂတ်တွင် သက်ကြီးရွယ်အို လူဦးရေများပြားလာမည်ဖြစ်၍ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းလာစေရန်နှင့် သက်ကြီးရွယ်အိုများနှင့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း။

တစ်ဆက်တည်းတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိနိုင်ရေးဆောင်ရွက်လျက်ရှိရာ လူငယ်ရေးရာမူဝါဒ၊ မြန်မာ့ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ စသည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ကျား- မ တန်းတူညီမျှမှုရှိစေရေး အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုပ်ပိုင်ခွင့်နှင့် အခွင့်အရေးများကို ဖော်ဆောင်ပေးနိုင်ရေးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၏ ပန်းတိုင် ၅ ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကျား - မ တန်းတူညီမျှရေးနှင့် ပတ်သက်၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း - ၁၊ ပုဒ်မ - ၂၁၊ ပုဒ်မခွဲ - က နှင့် အခန်း - ၈ ၊ ပုဒ်မ ၃၄၈ တို့တွင် သတ်မှတ်ပြဋ္ဌာန်းပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ

အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် " အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်" ကို လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာကို ရေးသားပြုစုတင်သွင်းလျက်ရှိကြောင်း၊ အလားတူ "အာဆီယံအမျိုးသမီးကော်မတီ" တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ "အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကော်မတီ" တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်း၌ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း။

- ❑ **မြန်မာနိုင်ငံ၏ လူဦးရေဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို ကြည့်မည်ဆိုပါက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များကို အခြေခံ၍ လူဦးရေခန့်မှန်းတွက်ချက်မှုအရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် မြန်မာနိုင်ငံ၏ လူဦးရေ ၅၅ ဒသမ ၇ သန်း ကျော်ရှိလာခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၅၉ ဒသမ ၃ သန်းကျော် ခန့်ရှိမည်ဟု ခန့်မှန်းထား**
- ❑ **မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်ကာလသည် လူဦးရေဆုလာဘ်ကို ရရှိခံစားနေချိန်ဖြစ်သည့်အတွက် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် လူငယ်လူရွယ်များ၏ စွမ်းအားဖြင့် အမျိုးသမီးများ၏ အင်အားကို ထိရောက်စွာထည့်သွင်းအသုံးချရန် လိုအပ်မည်ဖြစ်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ ဦးဆောင်မှုဖြင့် " အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း" ကို ကျား၊ မရေးရာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ဒုတိယအဆင့် ရေးဆွဲရေးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၌ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များပြည့်မီရန် ရည်ရွယ်ပြီး မိခင်သေဆုံးမှုများ လျော့နည်းကျဆင်းစေရေး၊ မျိုးဆက်ပွားနိုင်သောအရွယ်ရှိ အမျိုးသမီးများ အရည်အသွေးပြည့်ဝသော မိခင်ဖြစ်ရေးနှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီ ရရှိစေရေး ဦးစားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများအားလုံး လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးများကို အပြည့်အဝ ခံစားခွင့်ရရှိစေရေးအတွက် " လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ အမျိုးသားအဆင့် မူဝါဒ" ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် "လိင်မှုဆိုင်ရာ၊ မျိုးဆက်ပွား၊ မိခင်၊ မွေးကင်းစ၊ ငါးနှစ်အောက်ကလေးနှင့် ဆယ်ကျော်သက်ဆိုင်ရာ ငါးနှစ်တာမဟာဗျူဟာ စီမံကိန်း (၂၀၂၁-၂၀၂၅)" ကိုလည်း ရေးဆွဲထားပြီး အဆိုပါ မဟာဗျူဟာစီမံကိန်းပါ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များအတိုင်း မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

ကျား၊ မ အခြေပြု အကြမ်းဖက်မှု ခံစားနေရသောသူများအား ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့်စင်တာများကို နေပြည်တော်၊ ပင်းတယ၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့တို့ရှိ ပြည်သူ့ဆေးရုံများ၌ ဖွင့်လှစ်စောင့်ရှောက်မှုပေးလျက်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်ဆေးရုံများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ကုလသမဂ္ဂအနေဖြင့် နှစ်စဉ်ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ချမှတ်ခဲ့ရာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ မျိုးဆက်ပွားကျန်းမာရေးကို အလေးပေးဆောင်ရွက်ရေး၊ ကျား- မ တန်းတူညီမျှမှုရှိစေရေး၊ မိသားစုစီမံကိန်း အကောင်အထည်ဖော်ရေးစသည်တို့ကို ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်ရေး တွန်းအားပေးသည့်အနေဖြင့် ဆောင်ပုဒ်များ သတ်မှတ်လာကြောင်း။

ယခု ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို ကုလသမဂ္ဂမှ ချမှတ်ထားသည့် လူဦးရေဆိုင်ရာမူဝါဒများကို အခြေခံ၍ မိမိတို့နိုင်ငံအတွက် ဆွေးနွေးဆုံးဖြတ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကဏ္ဍများကို ထိရောက်စွာ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ထင်ဟပ်စေသည့် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဆောင်ပုဒ်သည် **" ကမ္ဘာ့လူ့ဘောင် သာယာဖို့ လူဦးရေနှင့် ဖွံ့ဖြိုးမှုဟန်ချက်ညီအောင်ကြိုးစားစို့"** ဖြစ်ကြောင်း။

*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ

### ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများချမှတ်

အဆိုပါ ဆောင်ပုဒ်မှ ပေးလိုသည့် အဓိကအချက်မှာ လူဦးရေ နည်းခြင်း၊ များခြင်း တစ်ခုတည်းဖြင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာ၍မရဘဲ အဆိုပါနိုင်ငံတွင် ချမှတ်ထားသည့် ကောင်းမွန်မှန်ကန်သော မူဝါဒများအပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် နိုင်ငံ၏ အခြေအနေပေါ်မူတည်၍ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်မှုတို့သည် ပို၍အရေးကြီးသည်ကို အသိပေးလိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် အသုံးချနိုင်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ စွမ်းရည်မြှင့်တင်ရေး၊ ကျား - မ တန်းတူညီမျှရေး၊ မိသားစုစီမံကိန်း၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းမွန်သည့် လူမှုဘဝများ ရရှိလာစေရန် ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေ သန်းရှစ်ထောင် ရှိလာခြင်းနှင့်အတူ လူဦးရေဆိုင်ရာ ပြောင်းလဲလာမှုကို လေ့လာလျှင် ကမ္ဘာ့လူဦးရေသည် ဆက်လက်တိုးတက်နေဦးမည်ဖြစ်သော်လည်း လွန်ခဲ့သည့် ရာစုဝက်ခန့်က စတင်၍ ကလေးမွေးဖွားမှု ဆက်တိုက်ကျဆင်းလာခြင်းကြောင့် အနာဂတ်တွင် လူဦးရေတိုးနှုန်းသည် တဖြည်းဖြည်း နှေးကွေးလာနိုင်ကြောင်းလည်း ခန့်မှန်းရကြောင်း၊ မွေးဖွားမှုနှုန်းများ ကျဆင်းလာခြင်းနှင့်အတူ လူတို့၏ မျှော်မှန်းသက်တမ်းမြင့်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အို အချိုးအစားပါဝင်မှုသည် တစ်နေ့တခြား များပြားလာနိုင်ကြောင်း။ သို့သော်လည်း မွေးဖွားနှုန်း ကျဆင်းလာသည့် နိုင်ငံများသို့ မွေးဖွားနှုန်းများပြီး ဆင်းရဲသည့်နိုင်ငံများက ရွှေ့ပြောင်းလူဦးရေများ ဝင်ရောက်ခြင်းများ ရှိနေသဖြင့် လူဦးရေတိုးပွားမှု ဆက်လျက်ရှိနေဦးမည်ဖြစ်ပြီး မူလရွှေ့ပြောင်းခဲ့သည့် နိုင်ငံများတွင် လူဦးရေလျော့ကျမှုနှင့် တွေ့ကြုံနေရမည်ဖြစ်ကြောင်း။

ကမ္ဘာတစ်ဝန်း၌ မွေးဖွားစဉ် ယောကျ်ားလေး အရေအတွက်သည် မိန်းကလေး အရေအတွက်ထက် ပိုမိုများပြားသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအသက်ရှည်စွာ နေထိုင်နိုင်ကြသည်ကို လေ့လာသိရှိရကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လက်ရှိကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို လွတ်မြောက်အောင် နည်းလမ်းရှာဖွေရင်း အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း လက်ရှိ ကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်း စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း လူဦးရေဆိုင်ရာ ပြောင်းလဲလာမှုများမှ အခွင့်အလမ်းများအဖြစ် ပြောင်းလဲရယူကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် လူဦးရေဆိုင်ရာ ပြောင်းလဲမှုမှ အခွင့်အလမ်းများ ရယူနိုင်ရန် ၁၀ နှစ်တစ်ကြိမ် မဖြစ်မနေဆောင်ရွက်ကြရသည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး အကြိုစမ်းသပ်ဆောင်ရွက်ချက်အဖြစ် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည့် လူဦးရေအချက်အလက်များနှင့် မှန်ကန်သည့် ကိန်းဂဏန်းများရရှိမှသာ နိုင်ငံ၏ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းများ ပေါ်ထွက်ရရှိလာမည်ဖြစ်သကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီဖြစ်ပေါ်လာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် ကောင်းမွန်သည့် အနာဂတ်တည်ဆောက်နိုင်ရေး ဦးတည် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

#### ဝိုင်းဝန်းကူညီဆောင်ရွက်ရန်လို

ယနေ့ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများအနေဖြင့် ကမ္ဘာ့အဆင့်မီစွာ မြန်မာနိုင်ငံ၏ လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ ရရှိအောင် လူဦးရေသန်းခေါင်စာရင်း ကောင်ယူမှုအဆင့်ဆင့်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် ဌာန၊ အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း၊ ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကိုလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

#### ရှင်းလင်းတင်ပြ

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၌ လူဦးရေ ပြောင်းလဲမှုဖြစ်စဉ်နှင့် မူဝါဒဆိုင်ရာ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေး အသိပညာပေး Video Clip ကို ပြသသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ၂၀၂၃ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကိုယ်စားလှယ်အဖွဲ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပပြုလုပ်သည်။



တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး (၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်နှင့် ဗဟိုဦးစီးကော်မတီဝင် စဝ်စိုင်းဟန်တို့ တက်ရောက်ကြသည်။

#### ဆွေးနွေးပွဲဆက်လက်ကျင်းပသွားမည်

တွေ့ဆုံဆွေးနွေးပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) မှ ပြင်ဆင်လိုသော အချက်များ၊ ယခင်ဆွေးနွေးပွဲများ၌ သဘောတူထားသည့် အချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စ၊ ငြိမ်းချမ်းရေး ညီလာခံကျင်းပရေးကိစ္စ၊ ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စ၊ ဖွံ့ဖြိုးရေးကိစ္စနှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီ ပံ့ပိုးရေးကိစ္စတို့ကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။ ဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



#### လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပိုက်ဆိပ်ရပ်ကွက်ရှိ အောင်မင်္ဂလာပရိယတ္တိ စာသင်တိုက် ဘုန်းတော်ကြီးကျောင်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အရိန္ဒမအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျန်းမာရေးအခြေအနေများအား မေးမြန်းလျှောက်ထားပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။ ထို့နောက် အဆိုပါကျောင်းတိုက်အတွင်း၌ ဖွင့်လှစ်ထားရှိသည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပြီး (ဝဲပုံ) ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။ ၎င်းနောက် မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ဝန်ထမ်းများက ရခိုင်ပိုက်ဆိပ်ရပ်ကွက်ရှိ အမှိုက်ပုံအား စက်ယန္တရားများဖြင့် ရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

(၇၆) နှစ်မြောက် အာဇာနည်နေ့အကြိုဆောင်းပါး

# အသက်ကိုနှင်း၍ ပေးခဲ့သော ... ထိုကတိ

သီဟစည်သူ

**တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်မှသာ အကျိုးရှိနိုင်တယ်။**

(၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ည ပင်လုံစော်ဘွားများ ညစာထမင်းစားပွဲတွင် ဗိုလ်ချုပ် အောင်ဆန်း၏ မြွက်ကြားချက်)

**❖ နိုင်ငံပြန်လည် ထူထောင်ရေးကိစ္စများအတွက်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက ကြိုတင်မြော်တွေးမှာကြားခဲ့သည်။ “ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့လူတွေ မှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်” ဟု သောင်းကျန်းမှု နှိမ်နင်းရေးကိစ္စကို ကြိုတင်ဟောပြောခဲ့သည်။ အဖျက်သမား၊ ဆူပူရေးသမားတို့၏ အန္တရာယ်ဟန့်တားရေးကို လမ်းညွှန်ခဲ့သည်**

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့သို့ တစ်ဖန်ရောက်ပြန်တော့မည်။ မြန်မာ့လွတ်လပ်ရေးအတွက် ကိုယ်ကျိုးမဖက် အားကြိုးမာန်တက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသည့် လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ နှစ်ပေါင်း ၇၆ နှစ်သို့ တိုင်ခဲ့ပြီ။

ဤနေ့ ဤရက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သြဝါဒများကို ပြည်သူတစ်ရပ်လုံးက ပြန်လည်အောက်မေ့ကြရသည်။ ဗိုလ်ချုပ်၏ မျှော်မှန်းချက်များအတိုင်း ဆက်လက်ကြိုးပမ်းကြရန် အားသစ်မွေး၍ မာန်သစ်ဆောင်ကြရသည်။ တစ်မျိုးသားလုံး၏ ဦးတည်ချက်ကား အခြားမဟုတ်၊ **“တိုင်းရင်းသား သွေးစည်းညီညွတ်ရေး”** ပင် ဖြစ်သည်။



### အသက်ကိုနှင်း၍ ပေးခဲ့သောထိုကတိ

၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့က ဗိုလ်ချုပ်ပေးခဲ့သော ထိုကတိမှာ **“ပြည်ထောင်စုကြီး တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်”** ဟူသော ကတိပင်ဖြစ်သည်။ ထိုသို့ဆိုရခြင်းမှာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့သည် မြန်မာပြည်ကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတစ်တစ်နိုင်ငံအဖြစ် ထူထောင်နိုင်ရေးအတွက် ဆွေးနွေးရန် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြနှင့် အခြားသော ကောင်စီဝင်ပုဂ္ဂိုလ်များ ပါဝင်သည့် လွတ်လပ်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဘိလပ်သို့ သွားရောက်ခဲ့သောနေ့ပင်ဖြစ်လေသည်။ ထိုခရီးစဉ်အတွင်း ဇန်နဝါရီလ ၂၇ ရက်နေ့၌ **“အောင်ဆန်း-အက်တလီ”** စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပြီး မြန်မာပြည်တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရေးအတွက် အခြေခံအုတ်မြစ်ချမှတ်နိုင်ခဲ့သည်။

ထိုကတိအတိုင်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် တိုင်းပြည်လွတ်လပ်ရေးကို ရရှိခဲ့ပြီး နှစ်ပေါင်း ၁၀၀ ကျော် ကျွန်သက်ရှည်နေခဲ့သော တစ်မျိုးသားလုံး သူ့ကျွန်ဘဝမှ လွတ်မြောက်ခွင့်ရခဲ့သည်။

### နိုင်ငံပြန်လည်ထူထောင်ရေး ကြိုတင်မြော်တွေး

အမျိုးသားလွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ်ကာလအတွင်း တစ်နေ့တစ်ချိန် နိုင်ငံပြန်လည်ထူထောင်ရေးကိစ္စများအတွက်ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက ကြိုတင်မြော်တွေးမှာကြားခဲ့သည်။ **“ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့လူတွေ မှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်”** ဟု သောင်းကျန်းမှု နှိမ်နင်းရေးကိစ္စကို ကြိုတင်ဟောပြောခဲ့သည်။ အဖျက်သမား၊ ဆူပူရေးသမားတို့၏ အန္တရာယ်ဟန့်တားရေးကို လမ်းညွှန်ခဲ့သည်။ သောင်းကျန်းမှုရှိလျှင် တိုင်းရင်းစည်းလုံးညီညွတ်ရေးကို ထိခိုက်သည်။ ထို့ကြောင့်လည်း **“တိုင်းသူပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တစ်ညီတစ်ညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်”** ဟု ပြောခဲ့ခြင်းဖြစ်ပေလိမ့်မည်။ အမျိုးသား ခေါင်းဆောင်ကြီး၏ဆန္ဒမှာ နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူလူထုတစ်ရပ်လုံးက စည်းလုံးညီညာစွာ ပါဝင်ဆောင်ရွက်ကြရန်ပင်ဖြစ်သည်။

သို့သော်လည်း တိုင်းရင်းသားချင်း သွေးကွဲမှုအန္တရာယ်သည် လုံးဝကင်းစင်ခြင်း မရှိသေး၊ တိုင်းပြည်တိုးတက်စည်ပင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် အားလုံးပါဝင်လာရေးဟူသည့် တာဝန်များသည် အဆုံးတိုင် ပြီးစီးအောင်မြင်ခြင်း မရှိသေး။ ဤသည်ကို ထောက်ရှုခြင်းအားဖြင့် လွတ်လပ်ရေးသည် လမ်းဆုံးမဟုတ်၊ လမ်းကြောင်းသာဖြစ်သည်ဆိုသည်ကို မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ကြပြီးလည်း ဖြစ်သည်။

### တူညီသော ဂုဏ်ဒြပ်တစ်ခု

ယခုကဲ့သို့ အာဇာနည်နေ့အချိန်အခါရောက်တိုင်းတွင် အမျိုးသားခေါင်းဆောင်ကြီးများ အပါအဝင် မရေမတွက်နိုင်သော အာဇာနည်အပေါင်းတို့၏ ဂုဏ်ကျေးဇူးနှင့် ၎င်းတို့၏ ရည်မှန်းချက်၊ ကြိုးပမ်းချက်များကို ဖော်ပြရလျှင် ဆုံးနိုင်ဖွယ်မရှိချေ။ အာဇာနည်များ အားလုံးသည် ထင်ရှားသည် ဖြစ်စေ၊ မထင်ရှားသည်ဖြစ်စေ တူညီသော ဂုဏ်ဒြပ်တစ်ခုကား ရှိကြသည်ချည်းပင်ဖြစ်သည်။

ထိုတူညီသောဂုဏ်ဒြပ်မှာ တိုင်းပြည်အကျိုး၊ ပြည်သူ့အကျိုးအတွက် အသက်ကိုပင် မငဲ့ကွက်သော၊ ကိုယ်ကျိုးစွန့်မှုတည်းဟူသော ဂုဏ်ဒြပ်ပင်ဖြစ်ပေသည်။ ထို့ကြောင့် **“အာဇာနည် ဟူသည် အကြောင်းဟုတ်၊ မဟုတ်ကို ကောင်းစွာ သိသောသူ သို့မဟုတ် သာမန်ထက် လက်ရုံးရည်၊ နှလုံးရည် ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ”** ဟူ၍ မြန်မာအဘိဓာန်၌ ဖွင့်ဆိုထားသည်။

အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကား ကြီးမားလှပေစွ။

ထိုထိုသော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အာဇာနည်အပေါင်း၏ ကိုယ်ကျိုးစွန့်မှုသည် တိုင်းပြည်နှင့် လူမျိုးအား ဖက်ဆစ်စနစ်အောက်မှ လွတ်မြောက်စေခဲ့သည်။ နယ်ချဲ့ကိုလိုနီစနစ် လက်အောက်မှ လွတ်မြောက်စေခဲ့သည်။ အရင်းရှင်၊ မြေရှင်ပဒေသရာဇ်စနစ်ဆိုးအောက်မှ လွတ်မြောက်စေခဲ့သည်။ စနစ်ဆိုးအမျိုးမျိုးမှ လွတ်မြောက်ခဲ့ကြပြီးဖြစ်သော်လည်း အာဇာနည်အပေါင်းတို့၏ ရည်မှန်းရှေးရှုခဲ့ကြသည့် ခရီးပန်းတိုင်ကားမဆုံးသေး၊ ဆက်လက်ချီတက်၊ ဆက်လက်ကြိုးပမ်း၊ ဆက်လက်လုပ်ဆောင်ကြရန်မှာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ တာဝန်သာ။

### သမိုင်းပေးတာဝန်

ကျွန်ုပ်တို့သည် **“အာဇာနည်နေ့ တို့မမေ့”** ဟူ၍ တမ်းတကြွေးကြော်နေရုံဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်ရာ မရောက်နိုင်ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများချမှတ်ခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ငြိမ်းချမ်းသာယာသော တိုင်းပြည်တည်ဆောက်ရေးတို့ကို ပြည်ထောင်စု စိတ်ဓာတ်ပြည့်ပြည့်ဝဝဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး ဗိုလ်ချုပ်တို့ အရယူပေးခဲ့သောလွတ်လပ်ရေးကြီးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပေသည်။

အာဇာနည်တို့ ထားရစ်ခဲ့သည့် သမိုင်းပေးတာဝန်ကို အာဇာနည်စိတ်ဓာတ်၊ အာဇာနည်အကျင့်သိက္ခာတို့ဖြင့်သာ ပြီးမြောက်စေနိုင်မည်ဖြစ်သည်။ ထိုစိတ်ဓာတ်၊ ထိုအကျင့်သိက္ခာကား တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့်သော စိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်သော အကျင့်သိက္ခာပင် ဖြစ်သည်။

အာဇာနည်နေ့သည် လွမ်းဆွတ်တမ်းတသည့် အထိမ်းအမှတ်နေ့မျှသာဖြစ်နေလျှင် အဓိပ္ပာယ်မပြည့်စုံ၊ ကိုယ်ကျိုးစွန့်သော အာဇာနည်စိတ်ဓာတ်ကို အမွေခံရန် တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်အနစ်နာခံနိုင်သည့် စိတ်ဓာတ်နှင့် အကျင့်သိက္ခာကို ခံယူအောက်မေ့နိုင်မှသာ အာဇာနည်နေ့၏ အနှစ်သာရသည် ပြည့်ဝလာနိုင်ပေလိမ့်မည်။

**ကိုးကား -**

- **၁၉၇၄ - ၁၉၇၇ ခုနှစ်ထုတ် ဟံသာဝတီ သတင်းစာများ။**



၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမ လေသာဆောင်မှ (ယခု မဟာဗန္ဓုလပန်းခြံ)၌ ဗိုလ်ချုပ်အောင်ဆန်း ပရိသတ်ကို နောက်ဆုံးအကြိမ် မိန့်ခွန်းပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး စစ်တွေ၊ မြေပုံ၊ ပေါက်တောမြို့နယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုစစ်ဆေး

**စစ်တွေ ဇူလိုင် ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရခိုင်ပြည်နယ် ခရီးစဉ်တွင် လိုက်ပါလာသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ပြည်ထောင်စုအစိုးရအဖွဲ့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်၊ မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

### ညှိနှိုင်းဆွေးနွေး

ဦးစွာ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် စစ်တွေမြို့ အမှတ် (၁၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲသို့ သွားရောက်ပြီး မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် အဆောက်အဦများ ပြန်လည်ပြုပြင်နေမှု၊ ယာယီဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ဆက်လက်၍ ရဲတပ်ဖွဲ့ခွဲမှူးရုံး၌ မိုခါမုန်တိုင်းဒဏ်ကြောင့် အဆောက်အဦများနှင့် နေအိမ်တန်းလျားများ ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးကြသည်။




ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် စစ်တွေ လေဆိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမော်က ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် လေဆိပ်အဆောက်အဦများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးခဲ့မှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ကြီး မြထွန်းဦးက လေယာဉ်ကွင်းနှင့် လေဆိပ်အဆောက်အဦများ သန့်ရှင်းသာယာရေး၊ လေယာဉ်ပြေးလမ်းတစ်ဖက်တစ်ချက်နှင့် လေယာဉ်ရပ်နားရန်နေရာအနီးရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီးနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာတို့က မုန်တိုင်းဒဏ်ကြောင့် ပြတ်တောက်ခဲ့သည့် ဆက်သွယ်ရေးလိုင်းများ၊ အဝေးဆက်သွယ်ရေး လမ်းကြောင်းများ၊ ရုံးအဆောက်အဦများနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ဆက်သွယ်ရေးရုံးဝင်းအတွင်း ယာယီတာဝါတိုင် တည်ဆောက်ထားရှိမှုနှင့် တာဝါတိုင်အသစ် တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ထိုမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ကာ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ဘဏ်ငွေတိုက်နှင့် ဘဏ်လုံခြုံရေး ရဲကင်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် အမှတ် (၃၆) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲသို့ သွားရောက်ပြီး အစည်းအဝေးခန်းမ၌ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံအားပေး စကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် မြေပုံမြို့သို့ သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် မြေပုံမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ကျော်ကျော်စိုးက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ရှင်းလင်းဆောင်ရွက်ထားရှိမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျ ဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး မြထွန်းဦးက မိမိတို့ဌာနအလိုက် လုပ်ငန်းတာဝန်များကို စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းကာ ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် မြို့မရဲစခန်းနှင့် စခန်းအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ငွေတိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံ အားပေးစကားပြောကြားကာ ဘဏ်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်အဖွဲ့သည် ပေါက်တောမြို့သို့သွားရောက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပေါက်တောမြို့နယ်၌ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ရန် ရောက်ရှိနေသည့် ဗိုလ်မှူးချုပ် ဆန်နီအုန်း က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများ ရောက်ရှိနေမှု၊ စနစ်တကျ ဖြန့်ဝေထားရှိမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

### ပေါင်းစပ်ညှိနှိုင်း

တင်ပြချက်များ အပေါ် ဗိုလ်ချုပ်ကြီး မြထွန်းဦးက မုန်တိုင်းတိုက်ခတ်ပြီးနောက် ပညာရေး၊ ကျန်းမာရေး၊သာသနိကအဆောက်အဦများကို ဦးစားပေး ဆောင်ရွက်ခဲ့မှု၊ မိုးစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် ထွန်စက်နှင့် လက်တွန်း ထွန်စက်များ ဖြန့်ဖြူးပေးထားမှု၊ အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေပေးနေမှု၊ ဆက်သွယ်ရေးလိုင်းများ ကောင်းမွန်အောင်ဆောင်ရွက်ခဲ့မှုနှင့် လျှပ်စစ်မီးများ ရရှိအောင် ဆောင်ရွက်ခဲ့မှုနှင့် ကျေးရွာများအထိ လျှပ်စစ်မီးများရရှိနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပေါက်တောမြို့နယ်၌ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တောင်ကုတ်၌ မိုးစပါးတစ်ဧက တင်း ၁၀၀ အထွက်နှုန်းရရှိရေး စံပြကွက်ပေါင်ပျိုးမျိုးစေ့ချ ကွင်းသရုပ်ပြပွဲကျင်းပ

**တောင်ကုတ် ဇူလိုင် ၁၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍ မိုးစပါး တစ်ဧကတင်း ၁၀၀ အထွက်နှုန်းရရှိရေး စံပြကွက်ပေါင်ပျိုးမျိုးစေ့ချကွင်း



သရုပ်ပြပွဲအခမ်းအနားကို ယမန်နေ့က ကင်းတောင်စံပြကျေးရွာရှိ တောင်သူ ဦးမျိုးဝင်း၏ လယ်မြေ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမောင်ပုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇာနည်တိုးတို့က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းသိန်း က ပေါင်စနစ်ဖြင့် ပျိုးထောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ တောင်သူများက တောင်သူဦးမျိုးဝင်းပါနှစ်ဦး၏ လယ်မြေတွင် မိုးစပါး ( GW–11) မျိုး ပေါင်ပျိုးမျိုးစေ့ချပွဲကို ပြုလုပ်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

## အိမ်မဲ၌ အခြေခံစားသောက်ကုန်များ ဈေးသက်သာစွာရောင်းချပေး

**အိမ်မဲ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ ပြည်သူများစားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် အခြေခံစားသောက်ကုန်များကို ဈေးလျှော့ချ၍ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် အခွန်လွတ်ဈေး၌ ရောင်းချပေးခဲ့သည်။ ထိုကဲ့သို့ ရောင်းချပေးရာ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်း၍ မြို့နယ်အတွင်းရှိ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စေရေးအတွက် ဆန်တစ်ပြည်လျှင် ကျပ် ၂၅၀၀ ဖြင့် ဆန် ၁၅ အိတ်၊ အမဲသား တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ ဖြင့် ငါးပိဿာ၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဖြင့် ငါးပိဿာနှင့် ဟင်းသီးဟင်းရွက်များကို ဈေးလျှော့၍ရောင်းချပေးခဲ့ရာ ပြည်သူများ ပျော်ရွှင်စွာ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

မိုခါမုန်တိုင်းသင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် စစ်တွေမြို့၌ ရောက်ရှိနေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်ရိပ်သာခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ပြည်နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ရေး၊ GW-11 အထွက်တိုးမျိုးစပါးများ စိုက်ပျိုးနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က ဆောင်ရွက်နေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးရေးတို့ကို မှာကြားပြီး ပြည်နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့နယ် သမဝါယမဦးစီးဌာနရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက်နှင့် ရွာသစ်ကကျေးရွာတို့ကို ဆက်သွယ်ပေးထားသော



အရှည် ၈၅ ပေ၊ အကျယ် ၁၂ ပေရှိ ဘေလီသံပေါင်နှင့် သစ်သားကြမ်းခင်းတံတား ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့၌ ကျင်းပသည့် (၁၃) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Yekaterinburg မြို့၌ ကျင်းပမည့် (၁၃) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့ တက်ရောက်ရန် ယမန်နေ့နံနက်ပိုင်းက Yekaterinburg မြို့သို့ ရောက်ရှိသည်။




ပြည်ထောင်စု ဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် Yekaterinburg မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဘီလာရုဇ်၊ ကာဇက်စတန်၊ အာမေးနီးယား၊ ကျာဂျစ်စတန်၊ ဥဇဘတ်ကစ်စတန်၊ တာဂျစ်ကစ်စတန်၊ သီရိလင်္ကာ၊ အီသီယိုးပီးယား၊ ဇင်ဘာဘွေ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘီလာရုဇ်နှင့် ကာဇက်စတန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များက အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Sustainable Manufacturing Strategies of Renewal ခေါင်းစဉ်ဖြင့် ဆွေးနွေးသော Panel Discussion သို့ တက်ရောက်ပြီး Moderator က မေးမြန်းသည့် Building Economic Relations and Protecting your Own Manufacturer နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသားများ၏ သက်သာချောင်ချိရေးအတွက် ဦးတည်ကာ ပြည်တွင်း ထုတ်လုပ်မှုများကို တိုးမြှင့်ပြုလုပ်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုသည် ပြည်တွင်းသုံးစွဲရန် လုံလောက်သည့်အပြင် ပိုလျှံလာပါက အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့မှုများ ပြုလုပ်သွားနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြေမျက်နှာသွင်ပြင် အနေအထား၊ သဘာဝသယံဇာတ ပေါကြွယ်မှု၊ အထူးအားဖြင့် သံရိုင်းများ ထုတ်ယူနိုင်မှုအခြေအနေ တူညီမှုများစွာ ရှိကြောင်း၊ ထို့ကြောင့် သံမဏိ ထုတ်လုပ်ရေးသည်လည်း အလေးပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံက လက်ရှိ ဆောင်ရွက်ဆဲဖြစ်သည့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အကူအညီများ ပေးအပ်လျက်ရှိကြောင်း၊ သံမဏိစက်ရုံ စီမံကိန်းတည်ဆောက်မှုလုပ်ငန်းများ ပြီးမြောက်၍ စတင်လည်ပတ်နိုင်ပါက ပြည်တွင်း သံမဏိလိုအပ်ချက်ကို ဖြည့်တင်းနိုင်မည်ဖြစ်ပြီး ပြည်ပမှ သံမဏိတင်သွင်းမှုများ လျှော့ချနိုင်မည်ဖြစ်ကြောင်း။

လွန်ခဲ့သော ဆယ်စုနှစ် ၂ ခုခန့်မှစတင်၍ မြန်မာလူငယ်များကို ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်များတွင် အင်ဂျင်နီယာဘာသာရပ်များ၊ လေကြောင်း၊ ရေကြောင်း အင်ဂျင်နီယာဘာသာရပ်များနှင့် အခြားသော ဘာသာရပ်များစွာတို့ကို သင်ယူတတ်မြောက်စေရန် ပညာတော်သင်များအဖြစ် စေလွှတ်ခဲ့ပါကြောင်း၊ အဆိုပါ လူငယ်များသည် ယခုအချိန်တွင် သက်ဆိုင်ရာ နယ်ပယ်အသီးသီး၌ စွမ်းရည်ပြည့်ဝစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပြီး နိုင်ငံ၏ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းလျက် ရှိကြောင်း၊ ထို့ကြောင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပညာရေးဆိုင်ရာ အကူအညီဖြင့် အရည်အသွေးပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့၍ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ချပေးနိုင်ခဲ့သည်ဟု ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း စဉ်ဆက်မပြတ် တိုးတက်နေသော စက်မှုနိုင်ငံအဖြစ်သို့ ပြောင်းလဲနိုင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းရှိ အခြေအနေများသာမကဘဲ ပြည်ပအခြေအနေများ၏ လွှမ်းမိုးမှုများစွာရှိသည်ကိုလည်း ဖြည့်စွက်ပြောကြားလိုပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လက်ရှိဆောင်ရွက်လျက်ရှိသည့် စက်မှုလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များသည် မြန်မာနိုင်ငံအတွက်လည်း အထောက်အပံ့ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Sverdlovsk Region Governor က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Denis Manturov၊ နိုင်ငံတကာမှဝန်ကြီးများ၊ သံတမန်များနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၁**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်အဖွင့်အမှာစကား ပြောကြား

## မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ကျင်းပသည့် ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာ ဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲ အခမ်းအနားတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**အလေးအနက်တန်ဖိုးထား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားရာ **(အပေါ်ယာပုံ)** ပြည်သူ့ကျန်းမာရေးဆိုင်ရာ သံခင်းတမန်ခင်းဆိုသည်မှာ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်သူများ အကြား အပြန်အလှန် ကိုယ်စားပြုနိုင်ရေး ရည်ရွယ်ချက်ဖြင့် ရွေးချယ်ထားသော နည်းလမ်းဖြစ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ အငြင်းပွားမှု ပြဿနာများကို ဖြေရှင်းနိုင်ခြင်း၊ ကျန်းမာရေးစနစ်များကို ပိုမိုကောင်းမွန်လာစေခြင်းနှင့် ထိရှလွယ်သော အသိုက်အဝန်း၏ အခွင့်အလမ်းများ လုံခြုံစေနိုင်ခြင်းများဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အိမ်နီးချင်းနိုင်ငံများနှင့် လိုက်လျောညီထွေသဟဇာတဖြစ်စေသည့် ဆက်ဆံရေးဖြစ်သော ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများရရှိစေရေးအတွက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ အပြန်အလှန် လေးစားမှုနှင့် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများအား အခြေခံသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို အလေးအနက်တန်ဖိုးထားပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်**

မိုခါ ဆိုင်ကလုန်းမုန်တိုင်းကြောင့် ထိခိုက်ခဲ့သည့် ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကျင်းပသော နိုင်ငံတကာဆွေးနွေးပွဲမှတစ်ဆင့် လက်ရှိရင်ဆိုင်နေရသော ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုပြဿနာများကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် နှစ်နိုင်ငံကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်က တက်ရောက်လာသည့်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို တွေ့ဆုံနှုတ်ဆက်ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးအတွက် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စားဝတ်နေရေးဆိုင်ရာ ကိစ္စရပ်များကို အကောင်းဆုံး ပြင်ဆင်ဆောင်ရွက်ထားပြီး ပြန်လည်လက်ခံရန် အဆင်သင့် ဖြစ်နေပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအနေဖြင့် အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးစေလိုပါကြောင်း တွေ့ဆုံရှင်းလင်းပြောကြားသည်။

**ဆေးဝါးများထုတ်လုပ်နိုင်ရေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Zahid maleque နှင့် ဒါကာမြို့ Pan Pacific Hotel အစည်းအဝေးခန်း၌တွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကူးစက်မြန်ရောဂါများ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆေးဝါးများ ထုတ်လုပ်နိုင်ရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr.A.K Abdul Momen က ဒါကာမြို့ State Guest House – Jamuna ၌ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ပြည်သူ့ကျန်းမာရေးနှင့် သံခင်းတမန်ခင်း နိုင်ငံတကာ ဆွေးနွေးပွဲ၏ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကို မွန်းလွဲပိုင်းတွင် ကျင်းပခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှ ဒေသဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းဝန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများမှ ပညာရှင်များ၊ ဘင်္ဂလားဒေ့ရှ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကျော်မိုးနှင့် သံအမတ်ကြီးများနှင့် နိုင်ငံပေါင်း ရှစ်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အခြေစိုက် နိုင်ငံရေးပါတီများအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ/ မရှိ စစ်ဆေး



**စစ်တွေ ဇူလိုင် ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်၊ ဦးမြင့်ဦးနှင့် ဦးမြင့်သိန်းတို့သည် ရခိုင်ပြည်နယ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် မေလတွင် မှတ်ပုံတင်ခွင့်ရရှိပြီးသော ရခိုင့်ဦးဆောင်ပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ မြိုတိုင်းရင်းသားပါတီ၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ဇူလိုင်လတွင် မှတ်ပုံတင်ခွင့်ရရှိပြီးသော မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကိုယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေကို စစ်ဆေးသည်။

**နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်နိုင်ရေး**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဦးအောင်မိုးမြင့်က မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားရှိသောနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်၊ ဥပဒေအရသတ်မှတ်ထားသည့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်ပြုမိန့် ကျပြီးနောက် ရက်ပေါင်း ၉၀ အတွင်း စုစည်းရမည့်ပါတီဝင်အင်အား ပြည့်မီအောင်စုဆောင်းရေးနှင့် ရက်ပေါင်း ၁၈၀ အတွင်း ဖွင့်လှစ်ရမည့် နိုင်ငံရေးပါတီများ၏ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်နိုင်ရေးနှင့် ဖွင့်လှစ်ရာတွင်လည်း သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဌာနတို့မှ ခွင့်ပြုချက်တောင်းခံဆောင်ရွက်ရန်၊ မှတ်ပုံတင်ခွင့်ပြုပြီးသော နိုင်ငံရေးပါတီများကို မြို့နယ်ရုံးများဖွင့်လှစ်ပြီးပါက မြို့နယ်ပါတီရုံးဖွဲ့စည်းမှုများကို စနစ်တကျဖွဲ့စည်းပုံနှင့် တာဝန်ပေးထားရန်၊ နိုင်ငံရေးပါတီများရှိ ပါတီဝင်များတွင် ယခင်သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင်များကို နိုင်ငံသားစိစစ်ရေးကတ်ပြားများဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတွင် သွားရောက်လဲလှယ်နိုင်ရေး ဆောင်ရွက်သွားရန်၊ မြို့နယ်ပါတီရုံးများ ဖွင့်လှစ်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စာရင်းစစ်ဌာနတို့မှ ပူးပေါင်းပြီး စစ်ဆေးရန်ရှိသဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားရာ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိ**

ရခိုင်ပြည်နယ်အတွင်း အခြေစိုက်သည့် ရခိုင့်ဦးဆောင်ပါတီဌာနချုပ်သည် စစ်တွေမြို့ မင်းဂံရပ်ကွက် မင်းစောမွန်လမ်း အိမ်အမှတ် (၁/ဃ/၁) တွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၁၁/၂၀၂၃) ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီဌာနချုပ်သည် သံတွဲမြို့နယ် (၈) ရပ်ကွက် (၅) လမ်း အမှတ် (၂၅၄) တွင်တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၁၄/၂၀၂၃) ဖြင့်လည်းကောင်း၊ မြိုတိုင်းရင်းသားပါတီဌာနချုပ်သည် ဘူးသီးတောင်မြို့ သပြေကုန်းအမှတ် (၄) ရပ်ကွက် အိမ်အမှတ် (၂၄၅) တွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၁၆/၂၀၂၃) ဖြင့် လည်းကောင်း၊ ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီဌာနချုပ်သည် စစ်တွေမြို့ အကွက်(၁) ဆင်ကူးလမ်း အမှတ်(၁၁၄)တွင် တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက် အမှတ် (၁၈/၂၀၂၃) ဖြင့်လည်းကောင်း၊ မြိုတိုင်းရင်းသားဖွံ့ဖြိုးရေး ပါတီဌာနချုပ်သည် ကျောက်တော်မြို့ အထကကျောင်းရှေ့ ပြည်တော်သာရပ်ကွက် စာတိုက်လမ်း အမှတ် (၂၀၂) တွင်တည်ရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၃၇/၂၀၂၃) ဖြင့်လည်းကောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ (၉) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ရရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိမိတို့အနေနဲ့ အေးချမ်းသာယာတဲ့ ကမ္ဘာကြီးတည်ဆောက်နေကြချိန်မှာ နိုင်ငံတကာ အကြမ်းဖက်လုပ်ရပ်များကို နေရာပေးဖို့ အကြောင်းမရှိပါ။ လမ်းကြောင်း - ၁ နဲ့ အစိုးရများက ဝိုင်းဝန်းတိုက်ဖျက်နေကြသလို၊ လမ်းကြောင်း - ၂ မဟာဗျူဟာလေ့လာရေး အသိုင်းအဝိုင်းများကလည်း အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်ပုံသဏ္ဌာန်၊ လုပ်ရပ်နဲ့မှ လက်ခံခြင်း၊ လျစ်လျူရှုခြင်းများပြုဖို့ မဖြစ်နိုင်

ဦးသန်းထွန်း(မော်လမြိုင်)

**သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional Security Matters နှင့် ပတ်သက်၍ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အမှုဆောင်အဖွဲ့ဝင် ဦးဘလှအေးနှင့် ဦးသန်းထွန်း (မော်လမြိုင်)တို့အား တွေ့ဆုံမေးမြန်းထားပါသည်။**

မေး ။ ။ မြန်မာနိုင်ငံမဟာဗျူဟာနဲ့ နိုင်ငံတကာလေ့လာရေးအဖွဲ့က ကမကထပြုပြီး သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စများ ( Non-traditional Security Matters ) အပေါ် မဲခေါင်-လန်ချန်း ဒေသနဲ့ပတ်သက်ပြီး ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင်လ ၁၄ ရက်နေ့ ရန်ကုန်မြို့မှာ ကျင်းပမယ်လို့ သိရပါတယ်။ အဲဒီဆွေးနွေးပွဲနဲ့ ပတ်သက်လို့ ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။

**ဦးဘလှအေး ဖြေ** ။ ။ ဟုတ်ပါတယ်။ ဆွေးနွေးပွဲခေါင်းစဉ်က "Seminar on Cooperation on Non-traditional Security Matters among MLC Countries" ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ မြစ်ဖျားခံပြီး အရှေ့တောင်အာရှကျွန်းဆွယ် ငါးနိုင်ငံဖြစ်တဲ့ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်စီးဆင်းတဲ့ လန်ချန်း- မဲခေါင်မြစ်အမည်ကိုယူပြီး လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး (Mekong-lancang Cooperation-MLC)အဖွဲ့ကို ခြောက်နိုင်ငံပေါင်း တည်ထောင်နိုင်ခဲ့တာ ခုနစ်နှစ်ရှိပါပြီ။ ဒီမြစ်ကို တရုတ်နိုင်ငံက လန်ချန်းမြစ်လို့ခေါ်ပြီး အရှေ့တောင်အာရှနိုင်ငံများကတော့ မဲခေါင်မြစ်လို့ခေါ်ဆိုတဲ့အတွက် နာမည်နှစ်ခုစလုံး ထည့်သွင်းခေါ်ဆိုကြပါတယ်။

ဒီခြောက်နိုင်ငံက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးကိစ္စများနဲ့ စပ်လျဉ်းလို့ ပူးပေါင်းဆောင်ရွက်ကြဖို့ MLC ကို ဖွဲ့စည်းခဲ့ကြတာ ဖြစ်ပါတယ်။ အခု ကျင်းပပြုလုပ်မယ့်ဆွေးနွေးပွဲက ဒေသတွင်း ကြုံတွေ့နေကြရတဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non- traditional Security Matters များကို အာရုံစိုက်ပြီး ဆွေးနွေးကြဖို့ဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ ခေါင်းစဉ်နှစ်ခုခွဲထားပါတယ်။ နံနက်ပိုင်းမှာ Challenges on Non-traditional Security Matters ဘာသာရပ်နဲ့ မွန်းလွဲပိုင်းမှာ Cooperation on Non-traditional Security Matters ဘာသာရပ်တို့ကို ဆွေးနွေးပါမယ်။

နံနက်ပိုင်းကတော့ Combating Terrorism၊ Human Trafficking related to Online Gambling and Scamming နဲ့ Cybercrime ဘာသာရပ်များနဲ့ ပတ်သက်ပြီး ကြုံတွေ့နေကြတဲ့ ဒေသအတွင်း စိန်ခေါ်မှုများကို ဆွေးနွေးကြဖို့ ဦးစားပေးထားပါတယ်။ မွန်းလွဲပိုင်းမှာက Food Security နဲ့ Extreme Poverty Reduction ဘာသာရပ်များအပေါ် ပူးပေါင်းဆောင်ရွက်နိုင်မယ့်နည်းလမ်းများကို အလေးထားဆွေးနွေးကြပါမယ်။

မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတွေက ပညာရှင်များ ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ နိုင်ငံခြောက်နိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထိရောက်စေမယ့်၊ (၆)နိုင်ငံပြည်သူများရဲ့အကျိုးစီးပွားကို ပိုမိုကာကွယ်မြှင့်တင်ပေးနိုင်မယ့် အကြံပြုချက်၊ ထောက်ခံချက်များ ပြုလုပ်ကြမှာ ဖြစ်ပါတယ်။

မေး ။ ။ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional Security Matters နဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်။

**ဦးဘလှအေး ဖြေ** ။ ။ Security သို့မဟုတ် Traditional Security ဆိုတာမှာ နိုင်ငံတစ်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးနဲ့ နယ်မြေတည်တံ့ခိုင်မြဲမှုကို ကာကွယ်ထိန်းသိမ်းခြင်းနဲ့ပတ်သက်ပြီး အဓိကအားဖြင့် ပြည်ပက ကျူးကျော်ဝင်ရောက်ခြင်း၊ ပြည်တွင်းမှာ တည်ငြိမ်မှုနဲ့ တရားဥပဒေစိုးမိုးမှု ပျက်ပြားခြင်းဆိုင်ရာကိစ္စများ ဖြစ်ကြပါတယ်။ ယနေ့ခေတ်အခါမှာတော့ နိုင်ငံတစ်နိုင်ငံနဲ့ ပြည်သူတွေရဲ့ လုံခြုံမှုကို ခြိမ်းခြောက်တဲ့ကိစ္စများမှာ အခုပြောခဲ့တဲ့ ကိစ္စများသာမကတော့ဘဲ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ သယံဇာတရှားပါးမှု၊ စားနပ်ရိက္ခာရှားပါးမှု၊ ပုံမှန်မဟုတ်တဲ့ အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှု၊ ကပ်ရောဂါများ၊ အကြမ်းဖက်မှု၊ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများ၊ လူကုန်ကူးမှု၊ ပင်လယ်ဓားပြမှု စသည်တို့ကို သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများ Non-traditional Security Matters များအဖြစ် သတ်မှတ်ကြပါတယ်။

မေး ။ ။ ဆွေးနွေးပွဲမနက်ပိုင်းမှာ Challenges on Non- traditional Security Matters ခေါင်းစဉ်နဲ့ Combating Terrorism၊ Human Trafficking related to Online Gambling and Scamming၊ Cybercrime တို့ တွေ့ရပါတယ်။ မွန်းလွဲပိုင်းမှာ Cooperation on Non-traditional Security Matters ခေါင်းစဉ်နဲ့ Food Security among MLC နဲ့ Extreme Poverty Reduction တို့ကို ဆွေးနွေးမယ်လို့ ဖော်ပြထားတာကို ရှင်းပြစေလိုပါတယ်။

**ဦးဘလှအေး ဖြေ** ။ ။ ဒီဆွေးနွေးပွဲကို ကျင်းပရာမှာ အချိန်၊ ငွေ အကန့်အသတ်များရှိတဲ့အတွက် သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာ ကိစ္စအားလုံးကို ဆွေးနွေးနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကနေ့အများက အာရုံစိုက်ဦးစားပေးကြတဲ့ ဘာသာရပ်တွေကိုပဲ ရွေးချယ်ပြီး ဆွေးနွေးနိုင်ခြင်း ဖြစ်ပါတယ်။ နောက်အကြောင်းတစ်ခုကလည်း ဆွေးနွေးပွဲက ရလာနိုင်တဲ့ ဘာသာရပ်များဆိုင်ရာရလဒ်ကို မိမိတို့ခြောက်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေ ပိုပြီးထိရောက်တိုးမြှင့်နိုင်စေမယ့်အချက်များ အကြံပြုတင်ပြလိုခြင်းပဲ ဖြစ်ပါတယ်။ ဆွေးနွေးပွဲက ကျစ်ကျစ်လျစ်လျစ်ဖြင့် စုစည်းတင်ပြနိုင်မယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံများရဲ့ ဆုံးဖြတ်ချက် ချမှတ်ပေးမယ့်သူများအနေနဲ့ လိုရင်းတိုရှင်း မြင်တွေ့ပြီး ဆွေးနွေးနိုင်ဖို့၊ ဆုံးဖြတ်နိုင်စေဖို့အတွက် အဲဒီဘာသာရပ်များကို ဦးစားပေးရွေးချယ်ဆွေးနွေးခြင်း ဖြစ်ပါတယ်။

မေး ။ ။ ကုလသမဂ္ဂ UNSDG Agenda 2030 ပန်းတိုင်ကို နိုင်ငံတကာက ဝိုင်းဝန်းဖော်ဆောင်နေတာ ရှိပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ ပန်းတိုင်များမှာ လမ်းကြောင်း - ၂ (Track II) မဟာဗျူဟာလေ့လာရေးကဏ္ဍအနေနဲ့ သမာရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍ ပါဝင်အရေးပါမှုနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံက ပါဝင်ပူးပေါင်းဆောင်ရွက်နေမှုအပေါ် သဘောထားအမြင်ကို သိလိုပါတယ်။

**ဦးသန်းထွန်း(မော်လမြိုင်)ဖြေ** ။ ။ ဒီမေးမြန်းထားတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ လမ်းကြောင်း-၂ သံတမန်ရေးရာကဏ္ဍကနေ ပြန်လည်ဖြေကြားပါမယ်။ ကုလသမဂ္ဂရဲ့ထောင်စုနှစ်ဖွံ့ဖြိုးရေး (MDG) မျှော်မှန်းချက် ပန်းတိုင်များအပြီး၊ အာဂျင်ဒါ ၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင် (၁၇) ရပ် ချမှတ်ခဲ့ပါတယ်။ အဲဒီပန်းတိုင်များထဲကနေ သမာရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍနဲ့ စပ်လျဉ်းတဲ့ ဆင်းရဲနွမ်းပါးမှုပပျောက်အောင် ဆောင်ရွက်ရေး၊ ငတ်မွတ်ခေါင်းပါးမှုချုပ်ငြိမ်းရေး၊ စားရေရိက္ခာ ဖူလုံရေးများကို ဆောင်ရွက်ဖို့နဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ငွေဖြူငွေမည်း ခဝါချမှု ကိစ္စတွေမှာ အီလက်ထရွန်နစ် ကွန်ပျူတာ အသုံးပြုပြီး ဆိုက်ဘာလုံခြုံရေး ဖောက်ဖျက်ခြင်း၊ အကြမ်းဖက်မှု ကိစ္စရပ်များအတွက် ငွေကြေးရန်ပုံငွေ ထောက်ပံ့တဲ့ ရာဇဝတ်မှု ကျူးလွန်ခြင်းများကို ပါဝင်ဝိုင်းဝန်းတိုက်ဖျက်ရန်များ ပါရှိထားတာ တွေ့ရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးနဲ့ စပ်လျဉ်းတဲ့ နိုင်ငံတကာ ဖြတ်ကျော်ရာဇဝတ်မှုများ Spillover မပြန့်ပွားရေး၊ တိုက်ဖျက်ရေးများအတွက် မိမိတို့လမ်းကြောင်း-၂ (Track II) သံတမန်ရေးရာနဲ့ မဟာဗျူဟာလေ့လာရေးအဖွဲ့တွေက တွေ့ဆုံဆွေးနွေးပွဲတွေပြုလုပ်ပြီး ပြည်သူတွေကို အသိပေးခြင်း၊ စုပေါင်းအဖြေရှာခြင်းများ ဆောင်ရွက်ကြလျက် ရှိပါတယ်။

လမ်းကြောင်း-၁ (Track I) ဖြစ်တဲ့ နိုင်ငံတော်အစိုးရဌာနတွေကလည်း နိုင်ငံတွင်း အကြမ်းဖက်မှုတားဆီးတိုက်ဖျက်ရေး၊ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်ရေးများအတွက် “အကြမ်းဖက်တိုက်ဖျက်ရေးနည်းဥပဒေများကို ၁-၃-၂၀၂၃ ရက်စွဲနဲ့ အမိန့်ကြော်ငြာစာအမှတ် ၂၃၉/ ၂၀၂၃ ထုတ်ပြန်ထားရှိတာကို သတင်းများအရ သိရပါတယ်။

မေး ။ ။ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများမှာ ပါဝင်တဲ့ အကြမ်းဖက်မှုများ ပပျောက်ရေးအတွက် မြန်မာနိုင်ငံအနေနဲ့ လမ်းကြောင်း-၁ ကဏ္ဍကနေ နိုင်ငံတကာနဲ့ ပူးပေါင်း ဆောင်ရွက်နေတာ သိရပါတယ်။ လမ်းကြောင်း-၂ အပိုင်းက သံတမန်ရေးရာ နည်းလမ်းမှလည်း ပါဝင်ပံ့ပိုးခြင်း collaborate ပြုနေတာတွေကိုလည်း သိလိုပါတယ်။

**ဦးသန်းထွန်း(မော်လမြိုင်)ဖြေ** ။ ။ အကြမ်းဖက်မှုလုပ်ရပ်များဟာ တိုင်းပြည်ရဲ့ ရန်သူပဲ ဖြစ်ပါတယ်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရာတွေကို နှောင့်ယှက်ခြိမ်းခြောက်လျက် ရှိပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့အစည်းများကလည်း ထုတ်ဖော်ပြောဆိုကြပါတယ်။ မိမိတို့အနေနဲ့ အေးချမ်းသာယာတဲ့ကမ္ဘာကြီးတည်ဆောက်နေကြချိန်မှာ နိုင်ငံတကာ အကြမ်းဖက် လုပ်ရပ်များကို နေရာပေးဖို့အကြောင်းမရှိပါ။ လမ်းကြောင်း-၁ နဲ့ အစိုးရများက ဝိုင်းဝန်းတိုက်ဖျက်နေကြသလို၊ လမ်းကြောင်း-၂ (Track II) မဟာဗျူဟာလေ့လာရေး အသိုင်းအဝိုင်းများကလည်း အကြမ်းဖက်လုပ်ရပ်တွေကို ဘယ်ပုံသဏ္ဌာန်၊ လုပ်ရပ်နဲ့မှ လက်ခံခြင်း၊ လျစ်လျူရှုခြင်းများ ပြုဖို့ မဖြစ်နိုင်ကြပါ။

ဒါ့ကြောင့် မိမိတို့ဒေသတွင်းမှာ အမျိုးသားလုံခြုံရေးကို အလေးထားပြီး သမားရိုးကျ လုံခြုံရေးဆိုင်ရာကဏ္ဍ Traditional Security၊ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကဏ္ဍများ (Non- Traditional Security )များကို ဖောက်ဖျက်ကျူးလွန်ကာ၊ ဒေသတွင်း တစ်နေရာရာမှာ ဖြစ်ပွားနေတာတွေက တခြားတစ်နေရာကို ကူးစက်ပြန့်ပွားမှု spillover မဖြစ်ပွားဖို့အရေးကြီးသလို လိုလည်းလိုအပ်ပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများဖြစ်တဲ့၊ ဆင်းရဲမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှုချုပ်ငြိမ်းရေး၊ အကြမ်းဖက်မှုကိစ္စရပ်များကို အားပေးထောက်ကူလျက်ရှိတဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းတိုက်ဖျက်ရေး၊ အီလက်ထရွန်နစ်ဆိုက်ဘာနည်းလမ်းနဲ့ ငွေမည်းမှ ငွေဖြူ ခဝါချမှုဖြင့် အကြမ်းဖက်သမားများကို ငွေကြေးရန်ပုံငွေထောက်ပံ့ခြင်း တိုက်ဖျက်ရေး၊ ဆိုက်ဘာကွန်ပျူတာမှ လောင်းကစားမှုများ၊ Skimming online defraud ငွေကြေးလိမ်လည် တောင်းခံမှုတွေကို လမ်းကြောင်း-၁ ဌာနဆိုင်ရာများမှ အရေးယူဆောင်ရွက်နေကြသလို လမ်းကြောင်း-၂ မဟာဗျူဟာလေ့လာရေးအဖွဲ့များကလည်း ယခုလို ဆွေးနွေးပွဲများ ကျင်းပပြီး စုပေါင်းအဖြေရှာကြရမှာ ဖြစ်ပါတယ်။ ရရှိလာတဲ့ အကြံပြုချက်များနဲ့ ရလဒ်များကို သက်ဆိုင်ရာနိုင်ငံများနဲ့ ညှိနှိုင်းတင်ပြပေးမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ။

**သတင်းအဖွဲ့**

**✳ မြန်မာနိုင်ငံအနေနဲ့ သမားရိုးကျမဟုတ်တဲ့ လုံခြုံရေးဆိုင်ရာကိစ္စများဖြစ်တဲ့၊ ဆင်းရဲမှုပပျောက်ရေး၊ စားရေရိက္ခာဖူလုံရေး၊ ငတ်မွတ်ခေါင်းပါးမှုချုပ်ငြိမ်းရေး၊ အကြမ်းဖက်မှုကိစ္စရပ်များကို အားပေးထောက်ကူလျက်ရှိတဲ့ နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုခင်းတိုက်ဖျက်ရေး၊ အီလက်ထရွန်နစ်ဆိုက်ဘာနည်းလမ်းနဲ့ ငွေမည်းမှ ငွေဖြူ ခဝါချမှုဖြင့် အကြမ်းဖက်သမားများကို ငွေကြေးရန်ပုံငွေထောက်ပံ့ခြင်း တိုက်ဖျက်ရေး၊ ဆိုက်ဘာကွန်ပျူတာမှ လောင်းကစားမှုများ၊ Skimming online defraud ငွေကြေးလိမ်လည် တောင်းခံမှုတွေကို လမ်းကြောင်း-၁ ဌာနဆိုင်ရာများမှ အရေးယူဆောင်ရွက်နေကြသလို လမ်းကြောင်း-၂ မဟာဗျူဟာလေ့လာရေးအဖွဲ့များကလည်း ယခုလို ဆွေးနွေးပွဲများ ကျင်းပပြီး စုပေါင်းအဖြေရှာကြရမှာ ဖြစ်ပါတယ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၅ | ၁၉၈၇ |
| 95 Ron | ၂၀၂၇ | ၂၁၀၁ |
| HSD (500 ppm) | ၁၉၄၈ | ၂၀၁၇ |
| HSD (50 ppm) | ၂၀၂၂ | ၂၀၉၂ |
| HSD (10 ppm) | ၂၀၂၂ | ၂၀၉၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (UNDP) ၏ ဒုတိယဌာနေကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

မန္တလေး ဇူလိုင် ၁၁

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (United Nations Development Programme–UNDP)၏ ဒုတိယဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Adnan Cheema အား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင် လက်ခံတွေ့ဆုံသည်။**



### စီမံချက်ပါမြို့နယ်များရှိ ကျေးရွာများ၌ သောက်သုံးရေဆောင်ရွက်ပေး

ထိုသို့လက်ခံတွေ့ဆုံစဉ် UNDP ၏ ဒုတိယဌာနေ ကိုယ်စားလှယ်ဖြစ်သူက မြန်မာနိုင်ငံတွင်ဆောင်ရွက် နေသည့် လူမှုအသိုက်အဝန်း ကြံ့ကြံ့ခံနိုင်စွမ်းရှိရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မန္တလေး တိုင်းဒေသကြီးအတွင်း မြင်းခြံ၊ ညောင်ဦးတို့တွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကျောက်ပန်း တောင်းမြို့နယ်တွင် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ စီမံချက်ပါမြို့နယ်များရှိ ကျေးရွာများ ၌ သောက်သုံးရေဆောင်ရွက်ပေးမှု၊ ကျေးရွာတွင်း လမ်းခင်းကျင်းပေးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍတို့တွင်ဆောင်ရွက်ပေးမှု၊ အလုပ်အကိုင်အခွင့် အလမ်းနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း ဖန်တီး ပေးနိုင်မှုများနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးပြောကြားသည်။

### စိုက်ပျိုးမွေးမြူရေးအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က UNDP အနေဖြင့် တိုင်းဒေသကြီးအတွင်း ကျေးလက်နေ ပြည်သူများ၏ လူမှုအသိုက်အဝန်း သဟဇာတ ဖြစ်စေရန်အတွက် လုပ်ငန်းစီမံချက်များဖြင့် အကောင် အထည်ဖော်ဆောင်ရွက်နေသည့်အပေါ် များစွာ ကျေးဇူးတင်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် ချက်များနှင့်အညီ စိုက်ပျိုးမွေးမြူရေးအခြေခံသည့် တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ MSME စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ များ ဖွံ့ဖြိုးတိုးတက်ရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း အဓိက လိုအပ်ပါကြောင်း၊ နိုင်ငံတကာမှ စိုက်ပျိုးရေး နည်းပညာများလည်း လိုအပ်ပါကြောင်း၊ ကျေးလက်နေ ပြည်သူများအကျိုးဖြစ်ထွန်းမည့် စီမံကိန်းများအပေါ် အားပေးဖိတ်ခေါ်ကြိုဆိုပါကြောင်း ပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့ကြကြောင်းနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# “လူငယ်နှင့်အဂတိ” စကားဝိုင်း ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့ နံနက်ပိုင်းတွင်**“လူငယ်နှင့် အဂတိ”** စကားဝိုင်း ကိုပျဉ်းမနားမြို့ အမှတ်(၄)အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဒွေးအောင်က **“ယနေ့ လူငယ်၊ နောင်ဝယ်လူကြီး”** ဆိုသည့်အတိုင်း လူငယ် များသည် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်များ ဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင် ကောင်းတစ်ဦးဖြစ်လာရန် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ် ကြောင်း၊ ယနေ့ခေတ်တွင် ခေါင်းဆောင်ကောင်း၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ **“ခေါင်းဆောင်ရာတွင်သာ တော်နေသူမဟုတ်ဘဲ ကျင့်ဝတ်နှင့်လျော်ညီသည့် ရလဒ်များ ရရှိရန်အတွက် ထိထိရောက်ရောက် ဦးဆောင်ဦးရွက်ပြုနိုင်သူ”** ဟု ဖွင့်ဆိုကြကြောင်း၊ ကျင့်ဝတ်နှင့် ခေါင်းဆောင်မှုသည် ချိတ်ဆက်လျက် ရှိနေကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်မှု အချက်(၅)ချက်တွင် လေးစားမှု၊ ကူညီစောင်မမှု၊ တရားမျှတမှု၊ ရိုးသားမှုနှင့် အဖွဲ့အစည်းစိတ်ဓာတ် ရှိမှုတို့ ပါဝင်ပါကြောင်း၊ ယခုလူငယ်စကားဝိုင်းမှ ဆွေးနွေးပေးလိုက်သည့် အတွေးအခေါ် အယူအဆ များကို မိမိတို့ ကျောင်း၊ ရပ်ရွာ၊ မြို့နယ်များတွင် ထပ်ဆင့်မျှဝေပေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါ ကြောင်း ပြောကြားသည်။



ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် **“လူငယ်နှင့်အဂတိ”** ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူး ဒေါ်ခင်မာဖြူနှင့်အတူ ကျောင်းသား ကျောင်းသူ သုံးဦးတို့က အဂတိလိုက်စားမှုအကြောင်း အရာများ၊ အဂတိလိုက်စားမှုသည် လူငယ်များ၏ အနာဂတ်အပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရာတွင် လူငယ်များ အနေဖြင့် မည်သို့ပူးပေါင်းဆောင်ရွက်နိုင်သည် စသည့်ကဏ္ဍများကို ဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ က ဆွေးနွေးမှုများနှင့်ပတ်သက်၍ သိရှိလိုသည်များ ကိုမေးမြန်းရာ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေး ကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည် ဖြေကြားကြသည်။

“အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ် တွင် ကျောင်းသားလူငယ်တို့၏ အခန်းကဏ္ဍကို မြှင့်တင်ရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာအသိပညာဗဟုသုတများ တိုးမြှင့်လာစေရန်၊ အဂတိလိုက်စားမှုကို လက်သင့်မခံသည့် လူမှုဝန်းကျင် တစ်ခုကို တည်ဆောက်နိုင်ရန်နှင့် ကျောင်းသား လူငယ်များ၏ အတွေးအခေါ်များ မြင့်မားတိုးတက် လာစေရန်ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက် ရေးကော်မရှင်၏ ၂၀၂၂ –၂၀၂၅ မဟာဗျူဟာစီမံချက်ပါ လုပ်ငန်းကဏ္ဍ (၁)၊ လုပ်ငန်းစဉ် (၂) ဖြစ်သည့် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး၊ အသိပညာပေးရေးအစီအစဉ်များ တစ်နိုင်ငံလုံးပျံ့နှံ့ စေရန်အတွက် “လူငယ်နှင့်အဂတိ” လူငယ်စကား ဝိုင်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အမြန်လမ်းပေါ် စည်းကမ်းမလိုက်နာ၍ အရေးယူခဲ့ရသောယာဉ်စီးရေ လျော့ကျလာ

**နေပြည်တော် ဇူလိုင် ၁၁**

ရန်ကုန်–မန္တလေး အမြန်လမ်းပေါ်တွင် စည်းကမ်းမလိုက်နာ၍ အရေးယူ ခဲ့ရသောယာဉ်စီးရေ လျော့ကျလာကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံး၏ အရာရှိတစ်ဦးက ပြောသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလ မှ ဇွန်လအထိ ခြောက်လတာကာလအတွင်း အမြန်လမ်းပေါ်၌ စည်းကမ်းမလိုက်နာ၍ အရေးယူခဲ့ရသော ယာဉ်အစီး ရေ ၇၅၄၈ စီး ရှိခဲ့ကြောင်း၊ ယင်းမှာ ကိုဗစ်မတိုင်မီ အလားတူကာလ ထက် လျော့ကျခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကဆိုသည်။

“ကိုဗစ်မတိုင်ခင်က ၂၀၁၇ ခုနှစ်မှာဆိုရင် ၁၆၇၁၇ စီး၊ ၂၀၁၈ ခုနှစ်မှာ ဆိုရင် ၁၆၂၉၅ စီး စသဖြင့် အရေးယူခဲ့ရတဲ့ ယာဉ်စီးရေဟာ တစ်သောင်း ကျော်ထိ ရှိခဲ့တယ်။ ကိုဗစ်ကာလကို ကြုံရပြီးနောက်ပိုင်းမှာတော့ ယာဉ် သွားလာနည်းသွားတာရော၊ စည်းကမ်းလိုက်နာသူတွေ ပိုများလာတာ ရော စတာတွေကြောင့် အရေးယူရတဲ့ယာဉ်စီးရေဟာ လျော့ကျလာပါ တယ်” ဟု ၎င်းက ပြောသည်။

လတ်တလောတွင် အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးအနေဖြင့် ယာဉ် စည်းကမ်းနှင့်ပတ်သက်၍ ပညာပေးဆောင်ရွက်မှုနှင့် အရေးယူ ဆောင်ရွက်မှုအပိုင်းကို နှစ်ပိုင်းခွဲ လုပ်ဆောင်နေကြောင်း၊ ယခင်က တိုးဂိတ်များတွင် ယာဉ်များကို အဖွဲ့လိုက်ပညာပေးဟောပြောမှုများ ပြုလုပ်ခြင်း၊ လက်ကမ်းကြော်ငြာဝေငှခြင်းများ ပြုလုပ်သော်လည်း



**ပြီးခဲ့သည့်ဧပြီလအတွင်းက ဖြစ်ပွားခဲ့သော အမြန်လမ်းပေါ် ယာဉ်တိမ်းမှောက်မှုတစ်ခုကို တွေ့ရစဉ်။** ဓာတ်ပုံ–အမြန်လမ်းမီးသတ်တပ်ဖွဲ့

နောက်ပိုင်းတွင် ယာဉ်အမျိုးအစားအလိုက် ကီလိုများကို သတ်မှတ်ပေး ထားကြောင်းလည်း သိရသည်။

“ယာဉ်စည်းကမ်းပိုင်းကို ဆောင်ရွက်တာ နှစ်ပိုင်းရှိတယ်။ အသိ ပညာပေးနဲ့ အရေးယူတဲ့အပိုင်းပါ။ ယာဉ်မောင်းတွေနဲ့ ယာဉ်ပေါ်ပါသူ တွေ၊ လမ်းဘေးဝဲယာနေထိုင်တဲ့ ကျေးရွာနေသူတွေကို တာဝန်ကျ တပ်ဖွဲ့ဝင်တွေက ပညာပေးတာ လုပ်တယ်။

“တိုးဂိတ်တွေမှာ စုပြီးတော့ ကားစီးရေ ၁၀ စီးလောက်နဲ့ ဆွေးနွေး တာ လုပ်တယ်။နောက်ပိုင်း ယာဉ်ကြောပိတ်ဆို့မှု မဖြစ်အောင်၊ အချိန် ကြန့်ကြာမှုမရှိအောင်ဆိုပြီးတော့ ယာဉ်အမျိုးအစားအလိုက် ယာဉ်တွေ ကို အရှိန်သတ်မှတ်တယ်၊ အိမ်စီးကားတွေကို တစ်နာရီ ကီလို ၁၀၀၊ ခရီးသည်တင်ယာဉ်တွေကို ကီလို ၉၀၊ အမြန်လမ်း အသုံးပြုခွင့်ရတဲ့ လုပ်ငန်းသုံးယာဉ်တွေကို ကီလို ၆၀ ။ နောက်ပြီးတော့ လမ်းဖြတ်တွေမှာ လမ်းညွှန်အမှတ်အသားတွေ တပ်တာ စသဖြင့် လုပ်ဆောင်ထားတာ ရှိပါတယ်” ဟု အဆိုပါအရာရှိက ပြောသည်။

ယင်းအပြင် အမြန်လမ်းတစ်လျှောက် မော်တော်ယာဉ်များသတ်မှတ် အရှိန်ထက် ကျော်လွန်မောင်းနှင်မှု မရှိစေရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာနိုင်ရန်အတွက် မော်တော်ယာဉ်အရှိန် တိုင်းတာ သောစက်များ တပ်ဆင်စစ်ဆေးဆောင်ရွက်မှုများကိုလည်း လုပ်ဆောင် နေကြောင်း သိရသည်။

“ကျွန်တော်တို့က ဘယ်လောက်ပဲ ပညာပေးတာ လုပ်နေပါစေ လမ်းအသုံးပြုသူတွေဘက်က စည်းကမ်းကို လိုက်နာဖို့လိုပါတယ်” ဟုလည်း ၎င်းက ဆိုသည်။

လက်ရှိ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီးပေါ်၌ ယာဉ်မတော်တဆမှုကြောင့် ၅၃ ဦး သေဆုံး ခဲ့ကာ ၁၆၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဇန်နဝါရီလမှ ဇွန်လအထိ အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှု ၈၃ မှု ဖြစ်ပွားခဲ့သော ကြောင့် ငွေကျပ်သန်းပေါင်း ၂၈၈ ဒသမ ၅၈ သန်း ဆုံးရှုံးခဲ့ကြောင်း လည်း သိရသည်။ **၁၂၃**

# ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀) မျိုး စစ်ဆေးခြင်း၊Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာစာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက် အကွာအဝေးများကို (၆) ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ် – ၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။



ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက (၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို အခြေခံပညာ မူလတန်းကျောင်း (အ.မ.က–၁) ၌ ဇူလိုင် ၁၁ ရက်က ပြသရာ ကျောင်းသားကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ မြို့နယ်(ပြန်/ဆက်)

## ထားဝယ်မြို့၌ လုပ်ငန်းခွင် ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

**ထားဝယ် ဇူလိုင် ၁၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စနိုးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိက ထားဝယ်မြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Dawei River Enterprise Co.,Ltd မှ အာမခံအလုပ်သမားဦးအောင်မျိုးသူ၏ လုပ်ငန်းခွင်မတော်တဆ ထိခိုက်ဒဏ်ရာရ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၄၃၂၀၀၀၀ ကို ကျန်ရစ်သူမိသားစုအားလည်းကောင်း၊ အာမခံအလုပ်သမားသုံးဦး၏ လုပ်ငန်းခွင်ထိခိုက်မှုအတွက် အမြဲတမ်းမသန်စွမ်းမှု (ငွေလုံးငွေရင်း) နှင့် ဆေးဖိုးကုန်ကျစရိတ်ပြန်အမ်းငွေစုစုပေါင်း ၁၀၄၅၀၇၉၂ ကျပ် ပေးအပ်ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများလိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာ အမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း (Mask) များ မပျက်မကွက်စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသော နေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀) မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး (ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း (၁၀)မျိုးစာရင်း



- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍စီတန်းပြီး

### အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) သို့ လာရောက်မည့် ပြည်သူများ Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်



ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။

- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်–၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။

ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၂ ဦး တွေ့ရှိ

(၁၁ - ၇ - ၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၂၄,၀၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၈၂၅) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၆၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်း ကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။"

**ကျန်းမာရေးဝန်ကြီးဌာန**

## မုတ်သုံလေ အားအသင့်အတင့် ရှိနေ

**နေပြည်တော် ဇူလိုင် ၁၁**

မုတ်သားဖွယ်ရာမိုးရေချိန်များမှာ တောင်တွင်းကြီးမြို့တွင် ၃ ဒသမ ၅၅ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ တောင်ငူမြို့တွင် ၂ ဒသမ ၆၃ လက်မ၊ မိုးကောင်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ သာပေါင်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၁၉ လက်မ၊ မော်ဘီမြို့တွင် ၂ ဒသမ ၀၈ လက်မ၊ မြစ်ကြီးနားမြို့၊ မိတ္ထီလာမြို့နှင့် ကန်ကြီးထောင့်မြို့တို့တွင် ၂ ဒသမ ၆၅ လက်မစီနှင့် ဝမ်းတွင်းမြို့တွင် ၁ ဒသမ ၅၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## ပြည်သူ့ကြားကပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၁**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများ အားသဇင် FM ၏ "ပြည့်သူကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ရန်ကုန် - မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ် တံတားအား KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အရာတော်မြို့နယ်၊ ငွေတွင်းကျေးရွာအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်စိန်ပြောင်းများဖြင့် လာရောက်ပစ်ခတ်မှုကြောင့် သံဃာတော်သုံးပါး ထိခိုက်ဒဏ်ရာရရှိပြီး အပြစ်မဲ့ဒေသခံပြည်သူ ၁၅ ဦး သေဆုံးခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံတကာသတင်း

## လူဦးရေ ၁ ဒသမ ၄ ဘီလီယံဖြင့် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံ အိန္ဒိယဖြစ်လာ

**နယူးယောက် ဇူလိုင် ၁၁**

ဇူလိုင် ၁၁ ရက်သည် ကုလသမဂ္ဂကမ္ဘာ့လူဦးရေနေ့ဖြစ်ပြီး ကုလသမဂ္ဂကိန်းဂဏန်းအချက်အလက်များအရ ကမ္ဘာလုံးဆိုင်ရာလူဦးရေတိုးပွားမှုမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း ညွှန်ပြနေသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံက ကမ္ဘာ့လူဦးရေစာရင်း၏ ထိပ်ဆုံးတွင် ရပ်တည်နေသည်။

### တရုတ်နိုင်ငံထက် သုံးသန်းနီးပါးပိုများ

ယခုနှစ်အစောပိုင်းတွင် ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံကို ကျော်တက်သွားဖွယ်ရှိသည်ဟု ယူဆထားသည်။ အိန္ဒိယနိုင်ငံ၌ လူဦးရေ ၁ ဒသမ ၄ ဘီလီယံရှိသည်ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က ခန့်မှန်းထားသည်။ အဆိုပါ ပမာဏသည် တရုတ်နိုင်ငံ၏ခန့်မှန်းလူဦးရေထက် သုံးသန်းနီးပါး ပိုများကြောင်း သိရသည်။

### ကမ္ဘာပေါ်ရှိလူဦးရေ ရှစ်ဘီလီယံ ကျော်လွန်လာ

အခြားသော လူဦးရေအများဆုံးနိုင်ငံများတွင် လူဦးရေ သန်း ၃၄၀ ရှိသော အမေရိကန်၊ ၂၇၇ ဒသမ ၅ သန်းရှိသော အင်ဒိုနီးရှားနှင့် ၂၄၀ ဒသမ ၅ သန်းရှိသော ပါကစ္စတန်နိုင်ငံတို့ ပါဝင်သည်။ ယခုအခါ ကမ္ဘာပေါ်ရှိ လူဦးရေမှာ ရှစ်ဘီလီယံ ကျော်လွန်လာသည်ဟု ကုလသမဂ္ဂက ယူဆထားသည်။

၂၀၈၀ ပြည့်လွန်နှစ်တွင် ကမ္ဘာ့လူဦးရေမှာ ၁၀ ဒသမ ၄ ဘီလီယံနီးပါးအထိ အမြင့်ဆုံးသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း မျှော်မှန်းထားပြီး ၎င်းနောက်ပိုင်းတွင် အရေအတွက်ကျဆင်းသွားမည်ဟု အဆိုပါအဖွဲ့က တွက်ဆထားသည်။

**အင်န်အိတ်ချ်ကေ**






## ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကျူးရှူးဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ခြောက်ဦးအထိရှိလာ

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း ကျူးရှူးဒေသ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီအထိ ခြောက်ဦးသေဆုံးခဲ့ပြီး သုံးဦးမှာ စာရင်းပျောက်လျက်ရှိကြောင်း သိရသည်။

ဖူကူအိုကာခရိုင်၌ ငါးဦးသေဆုံးခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ကူရူမီမြို့တော် တာနူရှီမာရူမြို့နယ်၌ အိမ်ပေါင်းများစွာ ရွှံ့နွံများဖုံးအုပ်သွားခဲ့သည်။ အဆိုပါနေရာတွင် လူ ၁၀ ဦးကို တွေ့ရှိခဲ့ပြီး အသက် ၇၀ ဝန်းကျင် အမျိုးသားတစ်ဦးမှာ သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ဟီရိုကာဝါမြို့ ဆည်မြောင်းတူးမြောင်းအဆုံး၌ တွေ့ရသော ကုန်တင်ကားထဲရှိ အသက် ၇၀ ဝန်းကျင်အမျိုးသားတစ်ဦးကိုဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးကြောင်း ကြေညာခဲ့သည်။

ကူရူမီမြို့တော် အာရာကီမြို့နယ် စပါးကွင်းထဲ၌ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက အသက် ၄၀ ကျော် ၅၀ ဝန်းကျင် အမျိုးသားတစ်ဦးသေဆုံးလျက်တွေ့ရှိခဲ့သည်။ ၎င်းမှာ ရေထဲသို့မျောပါသွားသော ကားအတွင်းမှ လွတ်မြောက်ဖို့ ကြိုးစားရင်း သေဆုံးခဲ့ခြင်းဖြစ်သည်။

ဒါဇာအီဖူ ဒေသ၌လည်း အသက် ၅၀ ကျော်အမျိုးသားတစ်ဦးကို ရေဖုံးလွှမ်းနေသော မြေအောက်လမ်းကူး တစ်ခု၌ သေဆုံးလျက် တွေ့ရှိခဲ့သည်။ အဆိုပါဒေသကို ရေအနက် ၃ ဒသမ ၆ မီတာအထိရှိသော ရေများ ဖုံးလွှမ်းသွားခဲ့သည်။

ဆာဂါခရိုင်၌လည်း မြေပြိုမှုကြောင့် အိမ်နှစ်လုံး ရွှံ့များ ဖုံးလွှမ်းခဲ့သည်။ အဆိုပါအပျက်အစီးများကြားတွင် အမျိုးသမီးတစ်ဦးကို ကြီးကြီးမားမားဒဏ်ရာရရှိခြင်းမရှိဘဲ တွေ့ရှိခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း ကြေညာခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်သမားများနှင့် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များသည် ပျောက်ဆုံးနေသူ နှစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## သန်လျင်ခရိုင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၁**

သန်လျင်ခရိုင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၃ နာရီတွင် သန်လျင်မြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရှင်စောပုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သန်လျင်ခရိုင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အတွင်း မြို့နယ်အသီးသီးတွင် စစ်ဆေးကြပ်မတ် အရေးယူဆောင်ရွက်မှုများ စဉ်ဆက်မပြတ် လုပ်ဆောင်သွားရန် လိုကြောင်း၊ စည်းကမ်းမဲ့ယာဉ်များ၊ လိုင်စင်မဲ့ယာဉ်များ၊ ရောင်ပြန်တပ်ဆင်ထားခြင်းမရှိသော အနေးယာဉ်များ အစရှိသည့် ယာဉ်များကို ထိရောက်စွာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများဖြစ်သော ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမိုးနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စန်းအောင်နှင့်အဖွဲ့၊ တွဲဖက်အတွင်းရေးမှူး ရဲမှူးရဲလွင်တို့က အကြံပြုရှင်းလင်းတင်ပြကြသည်။ ထို့နောက် ခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ အတွင်းရေးမှူးများက မိမိတို့မြို့နယ်အတွင်း စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။



ထို့နောက် တက်ရောက်လာသူများက ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆက်လက် ဆောင်ရွက်သင့်သော လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ခရိုင်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**




## သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး

## တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (ကက်တမင်း) ၁၂၇ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး(ကက်တမင်း) ၁၂၇ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၇ ရက် ည ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ဆောက်ခုံကျေးရွာဘက်မှ တာချီလိတ်မြို့ဘက်သွား ကျေးရွာချင်းဆက်လမ်းတွင် စတေဖာ ကို TOYOTA HILUX REVO မော်တော်ယာဉ်နှင့်အတူ တွေ့ရှိပြီး ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (ကက်တမင်း) ၁၂၇ ကီလို သိမ်းဆည်းရမိခဲ့၍ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါး (ကက်တမင်း) များကို ပန်ဆန်းမှ တာချီလိတ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## အမျိုးသမီးများကို တရုတ်အမျိုးသားများထံရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသမီးများကို တရုတ်အမျိုးသားများထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ ခင်ဇော်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မလှိုင်းဗိုလ်ဗိုလ်တို့က ရန်ကုန်တိုင်းဒေသကြီးနေ မ----၊ ၃၃ နှစ်၊ မ----၊ ၂၁ နှစ်၊ မ---၊ ၂၁ နှစ်၊ မ----၊ ၂၀ နှစ်၊ ကချင်ပြည်နယ်နေ မ----၊ ၃၀ နှစ်တို့ ငါးဦးကို တရုတ်ယောကျ်ားယူပါက မြန်မာငွေကျပ် သိန်း ၁၀၀ ခန့် ရရှိမည်၊ တစ်နှစ် ပေါင်းသင်းနေထိုင်ပြီးပါက ပြန်လည်ခေါ်ဆောင်ပေးမည်ဟု ပြောဆိုစည်းရုံးကာ တရုတ်အမျိုးသားများထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် မူဆယ်မြို့မ ရဲစခန်း (ပ)၈၇/၂၀၂၃၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)/ ၄၄ ဖြင့် အမှုရေးဖွင့်၍ မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၁၀ ရက်တွင် တရားခံခင်ဇော်နှင့် မလှိုင်းဗိုလ်ဗိုလ်တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က) ဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ် ၂၀ စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၀၅ ကျပ် | ၂၁၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၈၀ ကျပ် | ၂၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၀၀ ကျပ် | ၂၁၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၁၀၀ | ၂၆၄ | ၂၁၄၁၇၀၀ |
| MTSH | ၂၈၅၀ | ၂၈၅၀ | ၅၄၃၅ | ၁၅၄၈၉၇၅၀ |
| MCB | ၇၁၀၀ | ၇၁၀၀ | ၈၁ | ၅၇၅၁၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၅၆၄၇ | ၈၄၇၀၅၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၄ | ၉၆၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၈၅၀ | ၁၈၀၀ | ၂၆၀၅၅ | ၄၆၉၀၈၂၅၀ |

ညီညီ - စုစည်းသည်

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အအေးခန်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲမှ (၂၀၂၃-၂၀၂၄)ဘဏ္ဍာရေး နှစ်တွင် ကာကွယ်ဆေးနှင့်ဆက်စပ်ပစ္စည်းများကို ဗဟိုကာကွယ်ဆေးအအေးခန်း သိုလှောင်ရုံ(ရန်ကုန်)မှ တိုင်းဒေသကြီး/ပြည်နယ်ကာကွယ်ဆေးသိုလှောင်ရုံခွဲများသို့ ကာကွယ်ဆေးသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် မြန်မာကျပ်ငွေဖြင့် (၁)နှစ်တာကာလ ငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည် တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.7.Vaccine Transport(2nd) (2023-2024) |
| တင်ဒါစတင်သည့်ရက် | - | ၁၁-၇-၂၀၂၃ ရက် |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၅-၇-၂၀၂၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၂၆၀၅၈, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်နှင်းဖြူ ၆/လလန(နိုင်)၀၉၀၃၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၅၂၃၃၂,Honda Wave 100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းကျော် ၆/သရခ(နိုင်) ၁၂၃၇၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ဒေါ်မူမူညိုနှင့် အများသိစေရန် သတိပေးကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ် (၄)၊ သိမ်တောင်ကျောင်းကုန်းရပ် ဟုခေါ်တွင်သော ဦးပိုင်အမှတ် ၅၅/၁၊ ဧရိယာ ၀.၂၀၄ ဧကရှိ ဂရန်မြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံကို ကျွန်မ မိတ်ဆွေများ၏ဖခင် ဦးမောင်မောင်ရီ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ ဦးမောင်မောင်ရီသည် ၂၉-၆-၁၉၉၉ ရက်က ကွယ်လွန်ခဲ့ပြီး ဇနီးနှင့်သားသမီး ၈ ဦး ကျန်ရှိခဲ့ပါသည်။ ယခုအခါ ဇနီး ဒေါ်ကြည်၊ သား ဦးမောင်မောင်ညိုနှင့် သမီး ဒေါက်တာဖြူဖြူညိုတို့ ကွယ်လွန်ခဲ့ပြီး သက်ရှိထင်ရှား အမွေစား အမွေခံများ အဖြစ် ကျန်သားသမီး ၆ ဦးနှင့် ကွယ်လွန်သူ ဦးမောင်မောင်ညို၏ သားသမီးများသာ ကျန်ရှိခဲ့ပါသည်။ ထိုဂရန်မြေမူရင်းစာရွက်မှာ မိခင်ရှိစဉ်ကတည်းက သမီးအကြီးဖြစ်သူ ဒေါ်ဖြူဖြူညိုက လက် ဝယ်ကိုင်ဆောင်ထားလျက်ရှိပါသည်။ ထို့ကြောင့် အမွေဆိုင်များဖြစ်ကြသော ကျွန်မမိတ်ဆွေများ သိရှိသဘောတူ လက်မှတ်ရေးထိုးခြင်းမရှိဘဲ ထိုမြေနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်းခြင်း၊ တနည်းနည်း လွှဲပြောင်းခြင်းများကို မပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၊ ပါဝင်ကူညီသူများအားလုံးကို ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေငြာအပ်ပါသည်။

**ဒေါ်ရီရီပြုံးနှင့် ဦးလူလူညိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါက်တာမာလာသန်း**
**LL.B, LL.M, PhD (Law)**
**တရားလွှတ်တော်ရှေ့နေ (၆၄၆၇)**
**အမှတ် ၆ဘီ၊ ၇၂၊ မန္တလေးလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၇၀၀၃၃၇၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၃)ရပ်ကွက်၊ ဘုရားလမ်း၊ ဦးပိုင်အမှတ်(၄၄)၊ မြေကွက်အမှတ်-(၁၁၂/၁၁၃)၊ အိမ်အမှတ်-(၂၅)၊ အကျယ်အဝန်း (အလျားပေ ၃၀x အနံပေ ၈၀)၊ ဧရိယာ(၀ ဒသမ ၀၇၀)ဧကရှိ ဒေါ်ကြည်ကြည်အောင် (၁၄/မအပ(နိုင်)၀၁၁၇၅၇)မှ ၎င်းအမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျှက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇင်မာမြင့် (၁၄/မအပ(နိုင်)၀၀၃၀၂၁)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသောကြောင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **မအူပင် ဦးစိုးမြင့် (LL.B)** | **ဒေါ်လင်းနန္ဒာထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၅၁)** |

**တိုက်-၉/၁၁၊ အခန်း-၁၀၃(အီး)၊ ပထမထပ်၊ ၃၆-လမ်းထိပ်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၂၅၄၀၂၁၅၁၉၊ ၀၉-၇၉၆၂၁၃၃၇၄၊ ၀၉-၄၄၃၁၆၁၈၂၅**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးသိုလှောင်ရုံ (နေပြည်တော်) (ပုဗ္ဗသီရိမြို့နယ်၊ သွားနှင့်ခံတွင်းဆေးရုံဝင်းအတွင်း)နှင့် လယ်ဝေးသင်တန်းကျောင်းတို့အတွက် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လုံခြုံရေးကုမ္ပဏီငှားရမ်းလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ၌ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူ ရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.8.Security (2023--2024) |
| တင်ဒါစတင်သည့်ရက် | - | ၁၁-၇-၂၀၂၃ ရက် |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၂၅-၇-၂၀၂၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅၊ ၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၂)၊ ယွန်းတန်းရပ်၊ အထက (ညောင်ဦး) Grade- 8မှ စောချစ်လင်းမောင်၏ ဖခင်အမည်မှန်မှာ စောအဲလရှိန် ၆/မတန(နိုင်) ၀၀၀၃၄၅ ဖြစ်ပါကြောင်း။

**စောအဲလရှိန်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ အိုးဘိုကုန်းကျေးရွာနေ ဦးလှဦး ၏ သား မောင်ချစ်မင်းသူ ၈/မလန(နိုင်)၁၄၆၂၈၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် MF-504561 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉- ၄၅၁၅၃၅ ၀၉၅**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၆၉ နှင့် ဆက်နွှယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၇

| | | |
|---|---|---|
| ဦးမြင့်လွင် | နှင့် | ဦးမင်းကြည် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရုံး)** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ အကွက်အမှတ် (၁၄၇/၁၄၈)နေ တရားရှုံး ဦးမင်းကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၂ ခုနှစ် တရားမကြီးမှု အမှတ် ၆၉ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမြင့်လွင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ (၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ရက်) (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## တောင်ကြီးမြို့နယ်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၇၅ နှင့် ဆက်နွှယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၈

| | | |
|---|---|---|
| ဦးရန်ဆီး | နှင့် | ဦးကြည်စိန် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံး)** |

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊အမှတ်(၂)ရပ်ကွက်၊ အိမ်အမှတ် (၃၉)နေ တရားရှုံး ဦးကြည်စိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တောင်ကြီးမြို့နယ်တရားရုံး၏ ၂၀၂၂ ခုနှစ် တရားမကြီးမှု အမှတ် ၇၅ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးရန်ဆီးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတခုခုရှိလျှင် ပြ၍ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုင်းခမ်းလိတ်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**တောင်ကြီးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၉

| | | |
|---|---|---|
| ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့ | နှင့် | ၁။ ဒေါ်နွဲ့နွဲ့ရီ<br>၂။ ဦးဖြိုးဝေအောင်<br>၃။ ဒေါ်မိုးမိုးလွင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

